# a[AoO'pm

## ဘုရားသခင်၏သားတော်အားဖြင့် စကားပြောခြင်း

၁ လွန်ခဲ့သည့်အချိန်များ၌ ဘုရားသခင်သည်
ပရောဖက်များအားဖြင့် ကျွန်ုပ်တို့လူသားများကို
စကားပြောခဲ့၏။ ဘုရားသခင်သည် သူတို့အား
နည်းလမ်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်ပြောခဲ့သည်။
၂ ယခုနောက်ဆုံးသောအချိန်ကာလတွင် ဘုရား
သခင်သည် ငါတို့အား မိမိ၏ သားတော်အားဖြင့်
စကားပြောတော်မူ၏။ ဘုရားသခင်သည် ကမ္ဘာ
လောကကြီးကို သားတော်အားဖြင့် ဖန်ဆင်းခဲ့သည်။
ထိုနောက် သားတော် အား ခပ်သိမ်းသောအရာတို့ကို
ပိုင်ဆိုင်စေ၏။ ၃ သားတော်သည် ဘုရားသခင်၏
ဂုဏ်အသရေကိုပြသသည်။ သားတော်သည် ဘုရား
သခင်၏ပြည့်စုံသောသဏ္ဌာန်ကို ဆောင်၏။ သား
တော်သည် အရာခပ်သိမ်းကို သူ၏တန်ခိုးကြီးသော
အမိန့်တော်ဖြင့် အုပ်ချုပ်သည်။ သားတော်သည်
လူမျိုးအပေါင်းတို့ကို မိမိတို့၏အပြစ်မှ သန့်စင်
ပေးသည်။ ထို နောက် ကောင်းကင်ဘုံ၌ ကြီးမြတ်
၍ တစ်ဆူတည်းဖြစ်တော်မူသော ဘုရားသခင်၏
လက်ျာတော်ဘက်၌ စံနေတော်မူသည်။ ၄ ဘုရား
သခင်သည် သူ့အား ကြီးမြတ်သောနာမ၊ ကောင်း
ကင်တမန်အပေါင်းတို့ထက်ကြီးမြတ်သောနာမဖြင့်
သမုတ်တော်မူသည်။ ထို့ကြောင့် ကိုယ်တော်သည်
ကောင်းကင်တမန်အပေါင်းတို့ထက်ကြီးမြတ်တော်
မူသည်။

၅ ဘုရားသခင်က
“သင်သည် ငါ၏သားဖြစ်သည်။
ယနေ့ငါသည် သင်၏အဖဖြစ်သည်”
ဆာလံ ၂း၇

ဟူ၍ လည်းကောင်း၊
“ငါသည် သူ၏အဖဖြစ်လိမ့်မည်။
သူသည် ငါ၏သားဖြစ်လိမ့်မည်”
၂ရာ ၇း၁၄

ဟူ၍လည်းကောင်း မည်သည့် ကောင်းကင်တမန်
ကိုမျှ မိန့်မြွက်တော်မူခြင်း မရှိခဲ့ပါ။
၆ ဘုရားသခင်သည် မိမိ၏သားဦးအား လောက
ကြီးထဲသို့ ယူဆောင်လာခဲ့သည့်အခါ ဘုရားသခင်
မိန့်တော်မူသည်။

“ဘုရားသခင်၏ ကောင်းကင်တမန်
အပေါင်းတို့သည် သားတော်အား
ဝတ်ပြုကိုးကွယ်ကြစေ”
ဟု မိန့်တော်မူ၏။ *တရား ၃၂း၄၃*

၇ ကောင်းကင်တမန်တို့အား ရည်ညွှန်း၍ ဘုရား
သခင်က မိန့်မြွက်သည်မှာ

“ဘုရားသခင်သည်
မိမိကောင်းကင်တမန်များအား
လေကဲ့သို့လည်းကောင်း
သူ၏အစေခံကျွန်များအား
မီးတောက်မီးလျှံကဲ့သို့လည်းကောင်း
ဖြစ်စေသည်”
ဟူ၍ဖြစ်၏။ *ဆာလံ ၁၀၄း၄*

၈ သို့သော်လည်း ဘုရားသခင်သားတော်အား
ရည်ညွှန်း၍

“အိုဘုရားရှင် သင်၏ပလ္လင်သည်
ကာလအဆက်ဆက် တည်စေသတည်း။
သင်၏ နိုင်ငံများအားလည်း
ဖြောင့်မတ်စွာ စီရင်အုပ်စိုး တော်မူစေ
သတည်း၊
၉ သင်သည် အမှန်ကို နှစ်သက်ပြီး
အမှားကို မုန်းသောကြောင့်
အိုဘုရားသခင် သင်၏ဘု ရားသည်
သင့်အား ကြီးမားသောဝမ်းမြောက်ခြင်းကို
ပေးလေပြီ။
သင်၏ လူများကိုလည်း
ထိုနည်းတူပေးတော်မူ၏”
*ဆာလံ ၄၅း၆-၇*

၁၀ ထိုအပြင် ဘုရားသခင်က
“အိုဘုရားသခင်အစဦး၌
သင်သည် မြေကြီးကို ဖန်ဆင်းတော်မူ၏။

သင်၏လက်တော်ဖြင့်
မိုးကောင်းကင်ကို ဖန်ဆင်းတော်မူ၏၊
၁၁ ထိုအရာများအားလုံးပျောက်ကွယ်သွားလိမ့်
မည်၊
သို့သော် သင်မူကား တည်မြဲလိမ့်မည်။
ခပ်သိမ်းသောအရာတို့သည်
အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်း ရှိလိမ့်မည်။
၁၂ ဝတ်ရုံကဲ့သို့ ခေါက်သိမ်းပြီး
အဝတ်ကဲ့သို့ ပြောင်းလဲသွားလိမ့်မည်၊
ကိုယ်တော်မူကား ပြောင်းလဲခြင်းမရှိနိုင်ပါ။
ကိုယ်တော်၏အသက်သည်လည်း
အဆုံးမရှိစေရာ”

*ဆာလံ ၁၀၂:၂၅-၂၇*

ဟု မိန့်တော်မူ၏။
၁၃ ဘုရားသခင်သည် မည်သည့်ကောင်းကင်
တမန်ကိုမျှ ဤကဲ့သို့ မိန့်မြွက်ခြင်း မရှိ။
“သင်၏ရန်သူအပေါင်းတို့ကို
သင်၏တန်ခိုးအောက်တွင်
ငါမကျဆင်းစေမီ
ငါ၏လက်ယျာဘက်တွင် ထိုင်လော့”

*ဆာလံ ၁၁၀:၁*

၁၄ ထာဝရဘုရားအား အလုပ်အကျွေးပြုလျက်ရှိသော
ကောင်းကင်တမန်အပေါင်းတို့သည် ကယ်တင်ခြင်း
ရရှိသောသူတို့ကို ကူညီမစရန် စေလွှတ်ခြင်းခံရ
သော ဝိညာဉ်များဖြစ်သည်။

## ကယ်တင်ခြင်းတရားသည် ပညတ်တရားထက်သာလွန်ကောင်းမွန်ခြင်း

၂ ထို့ကြောင့် ငါတို့သည် ငါတို့ပြောဆိုသော
အကြောင်းအရာများကို လိုက်ရန် သာ၍သတိ
ပြုကြရမည်။ ငါတို့ သမ္မာတရားလမ်းမှ လွဲချော်မ
သွားစေရန်သတိထားရမည်။ ၂ ဘုရားသခင်သည်
ကောင်းကင်တမန်များအားဖြင့် သွန်သင်သော ဩ
ဝါဒများသည် *(ပညတ်တရား)* သမ္မာတရားကိုညွှန်ပြ
နေသည်။ ထိုသွန်သင်ချက်များကို အစဉ်အမြဲဆန့်
ကျင်နေသော ဂျူးလူမျိုးတို့သည် မိမိတို့၏ လွန်
ကျူးမှုများအတွက် အပြစ်ဒဏ်ခံရသည်။ ထိုသွန်
သင်ချက်များကိုနာခံမှုမရှိသောကြောင့် အပြစ်ဒဏ်
ခံကြရသည်။ ၃ ငါတို့အားပေးအပ်သော ကယ်တင်
ခြင်းသည် အလွန်ကြီးမြတ်ပေသည်။ ငါတို့သည်
ထို ကယ်တင်ခြင်းကို တန်ဖိုးမထားဘဲ အသက်ရှင်
လျှင် အပြစ်ဒဏ်ခံရလိမ့်မည်။ ထိုကယ်တင်ခြင်း
အကြောင်းကို လူအပေါင်းတို့အား အဦးဆုံး ဟော
ပြောခဲ့သောသူမှာ ခရစ်တော်ဖြစ်၏။ ထို့ကြောင့် ထို
သတင်းစကားကို ကြားခဲ့ပြီးသောသူတိုင်းက ထို
သတင်းကား စစ်မှန်ကြောင်း သက်သေခံကြ၏။
၄ ဘုရားသခင်ကိုယ်တိုင်ကလည်း ထူးဆန်းသော
အရာများ၊ကြီးမားသောနိမိတ်လက္ခဏာများနှင့် များ
ပြားလှစွာသော အံ့သြဖွယ်ရာအမှုများဖြင့် သက်သေ
ပြခဲ့သည်။ ထိုအပြင် သန့်ရှင်းသောဝိညာဉ်တော်
အားဖြင့် လူအသီးသီးတို့အား ဆုကျေးဇူးများ ချ
ပေးခြင်းဖြင့်လည်း သက်သေပြခဲ့သည်။ ဘုရားသ
ခင်သည် မိမိအလိုရှိသည့်အတိုင်း လူအသီးသီးတို့
အား ဝိညာဉ်ဆုကျေးဇူးများကို မျှဝေပေးသည်။

## ခရစ်တော်လူ့ဇာတိကို ခံယူခြင်း

၅ ဘုရားသခင်သည် ကောင်းကင်တမန်များ
အား ယခုလာမည့် ကမ္ဘာသစ်တွင်အုပ်ချုပ်သူများ
ဖြစ်ရန် မရွေးချယ်ပါ။ ထိုကမ္ဘာသည် ယခု ငါတို့
ပြောဆိုနေသော ကမ္ဘာဖြစ်သည်။ ၆ ထိုကမ္ဘာ
အကြောင်းကိုသမ္မာကျမ်းစာတွင်ဖော်ပြထားသည်
မှာ
“အိုဘုရားသခင် လူတို့ကို
အဘယ်ကြောင့် ဂရုပြုပါသနည်း၊
အဘယ်ကြောင့် လူသားကို
အလေးထားရပါသနည်း၊
သူသည် အလွန်အရေးပါလှ၏၊
၇ တစ်ချိန်က လူသားအား
ကောင်းကင်တမန်များထက်
နိမ့်ချလေပြီ၊ သူ့အား ဂုဏ်အသရေနှင့်
ပြည့်စုံခြင်း သရဖူကို ချီးမြှင့်တော်မူသည်၊
၈ အရာခပ်သိမ်းတို့ကို လူသား၏ ညွှန်ကြားမှု
အောက်တွင် ရှိစေတော်မူသည်”

ဟူ၍ဖြစ်၏။ *ဆာလံ ၈:၄-၆*

ဘုရားသခင်က အရာခပ်သိမ်းကို လူသား၏အုပ်စိုး
မှုအောက်တွင် ရှိစေသဖြင့် လူသား၏အုပ်စိုးမှုနှင့်
လွတ်သောအရာ တစ်စုံတစ်ခုမျှ မရှိပေ။ သို့သော်
အရာခပ်သိမ်းတို့အပေါ်တွင်အုပ်စိုးလျက်ရှိကြောင်း
ငါတို့မတွေ့မြင်ရသေးပါ။ ၉ ခရစ်တော်ကို ကောင်း
ကင်တမန်ထက် နိမ့်ချထားသည်။ သို့သော် ယခု
သူသည် ဘုန်းဦးရစ်သရဖူနှင့် အောင်မြင်ခြင်း အ
ဝတ်ကို ဝတ်ဆင်လျက် တွေ့ရသည်။ အကြောင်း
မှာ သူသည် ဆင်းရဲဒုက္ခကိုခံပြီး အသေခံသော
ကြောင့် ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်
ကြောင့်လူတိုင်းအတွက် ခရစ်တော်အသေခံသည်။

၁၀ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်း
သောသူဖြစ်သည်။ အရာခပ်သိမ်းသည်လည်း ဘုရား
သခင်၏ဘုန်းအသရေအတွက်ဖြစ်သည်။ ဘုရား
သခင်သည် မိမိ၏ဂုဏ်အသရေကို ပေးဝေရန် များ
စွာသောလူတို့ကို သားသမီးများဖြစ်စေလိုသည်။ ထို့
ကြောင့် ဘုရားသခင်သည် လူအပေါင်းတို့အား ကယ်
တင်ခြင်းသို့ ခေါ်ဆောင်လိုသော မိမိဆန္ဒကို ခရစ်
တော်၏ ဆင်းရဲဒုက္ခခံရခြင်းဖြင့် ပြည့်စုံစေတော်မူ
သည်။

၁၁ လူအပေါင်းတို့ကို သန့်ရှင်းစေသော ခရစ်
တော်နှင့် ခရစ်တော်အားဖြင့် သန့်ရှင်းသောသူအား
လုံးတို့သည် မိသားစုဝင်များဖြစ်ကြသည်။ ထို့ကြောင့်
ခရစ်တော်သည် ထိုသူတို့ကို ညီအစ်ကို မောင်နှမ
များဟု ခေါ်ရန် ရှက်ကြောက်ခြင်းမရှိပါ။
၁၂ ယေရှုက

"အိုဘုရားသခင် ကျွန်ုပ်၏ညီအစ်ကို
မောင်နှမများတို့အား
ကိုယ်တော်၏ အကြောင်း ကို ပြောပါမည်၊
ကိုယ်တော်၏ လူစုတို့ရှေ့မှာ
ကိုယ်တော်ကို ချီးမွမ်းထောမနာ
ပြုပါမည်" *ဆာလံ ၂၂း၂၂*

၁၃ ကိုယ်တော်ကလည်း
"ကျွန်ုပ်၏ဘုရားသခင်ကို
ယုံကြည်ကြပါမည်"
ဟု ဆို၏။ *ဟေရှာ ၈း၁၇*

တစ်ဖန်
"အကျွန်ုပ်သည်
ကိုယ်တော်ပေးသနားတော်မူသော
ကလေးသူငယ်များနှင့်
အတူ ဤနေရာတွင် ရှိပါသည်"
ဟု ဆို၏။ *ဟေရှာယ ၈း၁၈*

၁၄ ထိုကလေးသူငယ်များသည် ခန္ဓာကိုယ်၌
အသက်ရှင်သော လူများဖြစ်ကြသည်။ ထိုနည်းတူ
ခရစ်တော်သည် ခန္ဓာကိုယ်ဖြင့် လောကသို့ ကြွ
ဆင်းလာ၍ လူတို့တွေ့ကြုံခံစားသောအရာများကို
ကိုယ် တိုင်တွေ့ကြုံခံစားရသည်။ ထိုသို့ပြုရခြင်းမှာ
မိမိအသေခံခြင်းဖြင့် သေခြင်းတန်ခိုးရှိသောသူကို
ဆီးတားနိုင်ရန်ဖြစ်သည်။ ၁၅ ယေရှုသည် လူဇာတိကို
ခံယူပြီး အသေခံခြင်းသည် အသက်ရှင်စဉ်တွင် သေ
ခြင်းကို ကြောက်၍ ကျွန်ခံနေရသူတို့ကို လွတ်
မြောက်ခြင်းပေးရန်ဖြစ်သည်။ ၁၆ ထို့ကြောင့် ခရစ်
တော်သည် ကောင်းကင်တမန်များကို မစတော်
မမူဘဲ အာဗြဟံမှ ဆင်းသက်သော လူများကို မစ
ကြောင်း ထင်ရှား၏။ ၁၇ ထိုအကြောင်းကြောင့် ခရစ်
တော်သည် ညီအစ်ကိုမောင်နှမများနှင့် လုံးလုံး
လျားလျားတူစေရန် လူအဖြစ်ကို ခံယူခဲ့သည်။ ထို
နောက် လူတို့၏အပြစ်အတွက် ခွင့်လွှတ်ခြင်း ယူ
ဆောင်လာနိုင်ရန် ကရုဏာနှင့် သစ္စာရှိသော ယဇ်
ပုရောဟိတ်မင်းကြီးအဖြစ် အမှုထမ်းဆောင်ခဲ့သည်။
၁၈ ခရစ်တော်ကိုယ်တော်တိုင် စုံစမ်း နှောင့်ယှက်
ခြင်းကို ခံ၍ ဒုက္ခဆင်းရဲခံရသောကြောင့် စုံစမ်း
နှောင့်ယှက်ခြင်းကို ခံရသောသူတို့အား မစရန်တတ်
နိုင်တော်မူသည်။

## ယေရှုသည် မောရှေထက် ကြီးမြတ်ခြင်း

၃ ထို့ကြောင့် သင်တို့ အားလုံးသည် ခရစ်တော်
၏အကြောင်းကို ဆင်ခြင်ကြရမည်။ ဘုရားသ
ခင်သည် ငါတို့အတွက်ယေရှုခရစ်ကိုစေလွှတ်တော်
မူသည်။ ကိုယ်တော်သည် ငါတို့၏ ယုံကြည်ရာ ယဇ်
ပုရောဟိတ်မင်းဖြစ်သည်။ ငါတို့၏သန့်ရှင်းသူ ညီ
အစ်ကိုမောင်နှမများ သင်တို့အားလုံးသည် ဘုရား
သခင်ခေါ်ထားသောသူများဖြစ်ကြသည်။ ၂ ဘုရား
သခင်သည် ခရစ်တော်အား ငါတို့ထံသို့စေလွှတ်ပြီး
ယဇ်ပုရောဟိတ်မင်းဖြစ်စေသည်။ ခရစ်တော်သည်
မောရှေကဲ့သို့ ဘုရားသခင်အပေါ် သစ္စာရှိသောသူ
ဖြစ်သည်။ ဘုရားသခင်၏အိမ်တော် *(မိသားစု)*၌
ဘုရားသခင်အလိုရှိသည့်အတိုင်း တသွေမတိမ်း
လိုက်နာဆောင်ရွက်ပေးသည်။ ၃ လူသည် အိမ်ကို
တည်ဆောက်သောအခါ လူအများတို့က အိမ်ထက်
ထိုသူကို ချီးမြှောက်ကြလိမ့်မည်။ ထို့နည်းတူ ခရစ်
တော်သည် မောရှေထက်သာ၍ ချီးမြှောက်ခြင်း ခံရ
သည်။ ၄ အိမ်သည် လူတို့တည်ဆောက်သောကြောင့်
ဖြစ်လာသည်။ ခပ်သိမ်းသောအရာကို တည်ဆောက်
သောသူမှာ ဘုရားသခင်ဖြစ်သည်။ ၅ မောရှေသည်
ဘုရားသခင်၏အိမ်တော် *(မိသားစု)* တွင် အစေခံ
ကျွန်ကဲ့သို့ သစ္စာရှိစွာလုပ်ဆောင်၍ လူအပေါင်း
တို့အား ဘုရားသခင်ဖော်ပြသည့် နောင်လာလတ္တံ့
သော အရာများအကြောင်းကို ပြောပြခဲ့သည်။ ၆ ခရစ်
တော်မူကား ဘုရားသခင်၏သားကဲ့သို့ အိမ်တော်
ကို သစ္စာရှိစွာအုပ်ချုပ်တော်မူ၏။ ငါတို့ ယုံကြည်သူ
များသည် ဘုရားသခင်၏အိမ်တော် *(မိသားစု)* ဖြစ်
၏။ ငါတို့တို့သည် ကြီးမားသော မျှော်လင့်ချက်

အပေါ် စိတ်ချလက်ချ အမြဲတစေအမှီပြုခြင်းဖြင့်
ဘုရားသခင်၏အိမ်တော်ဖြစ်သည်။

**ဘုရားသခင်၏နောက်တော်သို့ လိုက်ခြင်း**

၇ သန့်ရှင်းသောဝိညာဉ်တော်က
"ယနေ့ဘုရားသခင်၏
နှုတ်တော်ထွက်စကားကို
သင်ကြားရလျှင်
၈ လွန်ခဲ့သောအချိန်ကကဲ့သို့
စိတ်နှလုံးမာကျောခြင်းမရှိနှင့်၊
သင်၏ ဘုရားသခင်ကို
ဆန့်ကျင်ဘက်ပြုလျှင်
တောဌဘုရားသခင်ကို
စုံစမ်းသကဲ့သို့ဖြစ်သည်၊
၉ အနှစ်လေးဆယ်ပတ်လုံး
သင်တို့သည် ငါပြုသောအမှုများကို
တွေ့မြင်ခဲ့ကြရပြီ၊
သို့သော် ငါ့ကို စုံစမ်းနှောင့်ယှက်
ကြသည်။ ထိုအရာကို
ငါသည်းခံလျက်နေသည်၊
၁၀ ငါသည် ဒေါသအမျက်ထွက်၍
ထိုသူတို့အားမိန့်မြွက်သည်မှာ
သင်တို့၏ အကြံအစည်သည်
အမြဲပင် မှားယွင်းနေသည်၊
သင်တို့သည် ငါ၏နည်းလမ်းကို
နားမလည်နိုင်ကြ ၊
၁၁ ထို့ကြောင့် ငါသည် အမျက်ထွက်၍
ကတိထားသည်မှာ
ထိုသူများသည် ငါ၏ကောင်းကျိုး
ချမ်းသာထဲသို့ မည်သည့်အခါမျှ မဝင်ရ"
ဟုိ မိန့်တော်မူ၏။ *ဆာလံ ၉၅း၇-၁၁*

၁၂ ညီအစ်ကိုမောင်နှမများတို့ သင်တို့ တစ်ဦး
တစ်ယောက်မျှ အပြစ်သက်ရောက်စေမည့် ယုံကြည်
ခြင်းကို ငြင်းပယ်ခြင်းနှင့်အသက်ရှင်တော်မူသော
ဘုရားသခင်နောက်သို့ ဆက်၍လိုက်ရန် ရပ်တန့်
သွားခြင်း မပြုမိစေရန် သတိပြုကြပါ။ ၁၃ နေ့တိုင်းအစဉ်
လူအပေါင်းတို့ကို အားပေးတိုက်တွန်း နှိုးဆော်ကြ
ပါ။ ယနေ့ဌပင် သူတစ်ပါးကို အကျိုးပြုပါ။ အကြောင်း
မူကား လူများစွာတို့သည် အပြစ်နှင့် အပြစ်လှည့်ဖြား
မှုကြောင့် စိတ်နှလုံးခိုင်မာလျက်ရှိကြသည်။ ၁၄ ငါ
တို့အားလုံးသည် ခရစ်တော်နှင့်အတူ စံစားမည့်
သူ များဖြစ်ကြသည်။ ထိုသို့ဖြစ်ရန် ငါတို့သည် အစ
အဦး၌ ယုံကြည်ခြင်းရှိသည်အတိုင်း အဆုံးတိုင်
အောင်တည်ကြည်ကြရမည်။ ၁၅ နှုတ်ကပတ်တော်
တွင်
"ယနေ့ဘုရားသခင်၏
နှုတ်ကပတ်တော်ထွက်စကားကို
သင်ကြားရလျှင် လွန်ခဲ့သောအချိန်က
ဘုရားသခင်ကို
ဆန့်ကျင်ဘက်ပြုသကဲ့သို့စိတ်နှလုံး
မာကျောခြင်းမရှိကြနှင့်"
ဟု ဆိုထား၏။ *ဆာလံ ၉၅း၇-၈*

၁၆ ဘုရားသခင်၏ နှုတ်ထွက်စကားကို ကြားပြီး ဆန့်
ကျင်ဘက်ပြုသောသူများကား အဘယ်သူနည်း။ ထို
သူတို့မှာ အီဂျစ်ပြည်မှ မောရှေ ခေါ်ထုတ်ခဲ့သော
သူများဖြစ်သည်။ ၁၇ နှစ်ပေါင်းလေးဆယ်ပတ်လုံး
ဘုရားသခင်အား ဒေါသအမျက်ထွက်စေသော သူ
တို့ကား အဘယ်သူနည်း။ ဘုရားသခင်ရှေ့တွင်
အပြစ်ပြု၍ တောဌ သေကြေပျက်စီးသောသူတို့ဖြစ်
သည်။ ၁၈ ဘုရားသခင်၏ကောင်းကျိုးချမ်းသာထဲသို့
မည် သည့်အခါမျှ မဝင်ရဟု ကျိန်ဆိုထားသောသူ
များကား အဘယ်ကဲ့သို့သောသူနည်း။ ဘုရားသခင်
၏စကားကို နားမထောင်သောသူများပင်ဖြစ်သည်။
၁၉ ထို့ကြောင့် ထိုသူအပေါင်းတို့သည် ဘုရားသခင်
၏ကောင်းကျိုးချမ်းသာထဲသို့ ဝင်ခွင့်မရသည်ကို
ငါတို့မြင်တွေ့ကြရသည်။ အဘယ်ကြောင့်ဆိုသော်
ထိုသူတို့သည် မယုံကြည်ကြသောကြောင့်ဖြစ်သည်။

၄ ငါတို့သည် ထိုသူများအား ပေးခဲ့သောကတိ
တော်ကို ယခုတိုင်ရရှိကြသည်။ ထိုကတိတော်
သည် ကောင်းကျိုးချမ်းသာထဲသို့ ဝင်ခွင့်ရရန် ဖြစ်
သည်။ ထို့ကြောင့် ငါတို့သည် အသိတရားကြီးစွာ
ဖြင့် ထိုကတိတော်မှ အဘယ်သူမျှ မဆုံးရှုံးစေကြ
နှင့်။ ၂ ငါတို့ကယ်တင်ခြင်းရရန်အတွက် ထိုသူတို့
ကို ပြောသကဲ့သို့ ငါတို့အား ပြောဆိုခဲ့သည်။ သို့
သော် ထိုသွန်သင်ခြင်းကို ကြားရသော ထိုသူတို့၌
အကျိုးမရှိခဲ့။ အကြောင်းမှာ ထိုသွန်သင်ချက်ကို
ကြားပြီးယုံကြည်ခြင်းဖြင့် လက်မခံကြသောကြောင့်
ဖြစ်သည်။ ၃ လူသားအပေါင်းတို့သည် ယုံကြည်ကြ
လျှင် ဘုရားသခင် မိန့်ဆိုသည့်အတိုင်း ဘုရားသခင်
၏ကောင်းကျိုးချမ်းသာထဲသို့ ဝင်ရကြသည်။
"ငါသည် အမျက်ထွက်၍
ကတိထားသည်မှာ ထိုသူတို့သည်
ငါ၏ကောင်းကျိုးချမ်းသာထဲသို့
မည်သည့်အခါမျှ မဝင်ရကြ"
*ဆာလံ၊ ၉၅း၁၁*

ဘုရားသခင်သည် ထိုကဲ့သို့ မိန့်တော်မူသော်
လည်း မိမိ၏အလုပ်သည် ကမ္ဘာလောကကြီးကို ဖန်
ဆင်းကတည်းကပြီးစီးခဲ့ပြီးဖြစ်သည်။ ၄ သမ္မာကျမ်းစာ
တွင် ဘုရားသခင်က ခုနစ်ရက်မြောက်သောနေ့
အကြောင်းကိုပြောဆိုခဲ့သည်။ “ထိုကြောင့် ခုနစ်ရက်
မြောက်သောနေ့တွင် မိမိ၏အလုပ်အားလုံးမှ အနား
ယူတော်မူသည်”။ ၅ အခြားသောသမ္မာကျမ်းစာတစ်
ချက်တွင်လည်း “ထိုသူများသည် ငါ၏ကောင်းကျိုး
ချမ်းသာထဲသို့ မဝင်ရ”ဟု ဆိုထားသေးသည်။
၆ ဘုရားသခင်၏ ကောင်းကျိုးချမ်းသာထဲသို့
ဝင်ရမည်ဆိုသော အကြောင်းအရာသည် ယခုပင်
မှန်ကန်လျက်ရှိသည်။ သို့သော် ထိုအကြောင်းအရာ
များကို ရှေးဦးစွာကြားရသောသူတို့သည် မဝင်ရကြ။
အကြောင်းမှာ ထိုသူတို့သည် မယုံကြည်ခြင်းကြောင့်
ဖြစ်သည်။ ၇ ထိုကြောင့် ဘုရားသခင်သည် နေ့ရက်
သစ်တစ်ရက်ကို ရွေးချယ်သတ်မှတ်ပြန်သည်။ ထို
နေ့မှာ *(ယနေ့)*ပင်ဖြစ်သည်။ ထိုနေ့ကိုဘုရားသခင်
သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဒါဝိဒ်မင်း
အားဖြင့် မိန့်ကြားခဲ့သည်။ ထိုအချက်မှာ ဖော်ပြခဲ့
ပြီးသော ကျမ်းချက်အတိုင်းဖြစ်သည်။

“ယနေ့သင်သည် ဘုရားသခင်၏
ကတိထားတော်မူချက်ကို
ကြားနာရလျှင် ယခင်ကကဲ့သို့
စိတ်နှလုံးမာကျောခြင်း မရှိနှင့်”

*ဆာလံ ၉၅း၇-၈*

၈ ယောရှုသည်ဘုရားသခင်ကတိထားတော်မူသော
ကောင်းကျိုးချမ်းသာထဲသို့ လူတို့ကို ဦးဆောင်
မသွားကြောင်း ငါတို့သိကြသည်။ ဤအကြောင်း
အရာများကို ငါတို့ သိကြရခြင်းမှာ ကောင်းကျိုးချမ်း
သာပေးသော အခြားနေ့တစ်နေ့ကို ပြောပြသော
ကြောင့် ဖြစ်သည်။။ ၉ ထိုနေ့သည် ငြိမ်ဝပ်စွာနေ
သော ခုနစ်ရက်မြောက်သောနေ့ဖြစ်၍ ဘုရားသခင်
၏လူတို့အတွက် ရောက်လာဆဲဖြစ်သည်။ ၁၀ ဘုရား
သခင်သည် မိမိ၏အလုပ်အားလုံးပြီးသောအခါ အနား
ယူတော်မူသည်။ ဘုရားသခင်၏ ကောင်းကျိုးချမ်း
သာထဲသို့ ဝင်မည့်သူများသည် ဘုရားသခင်နည်း
တူ မိမိ၏အလုပ်များကို ပြီးစီးသောသူဖြစ်ရမည်။
၁၁ ထိုကြောင့် ငါတို့သည် တတ်နိုင်သမျှအတိုင်း
ကြိုးစားလုပ်ဆောင်ပြီး ဘုရားသခင်၏ကောင်းကျိုး
ချမ်းသာထဲသို့ ဝင်ကြရမည်။ ငါတို့သည် ဘုရား
သခင်၏စကားကို နားထောင်ရန် ငြင်းပယ်သော
သူများ နောက်သို့လိုက်၍ မဆုံးရှုံးစေရန် အလွန်
ကြိုးစားအားထုတ်ရမည်။
၁၂ ဘုရားသခင်၏စကားတော်သည် အသက်
ရှင်၍ အလုပ်လုပ်နိုင်သည်။ ၎င်းသည် အထက်
ဆုံးသောဓားထက်ပင်သာ၍ထက်သည်။ ထိုကြောင့်
လူအထဲ၌ရှိသောအရာများဖြစ်သောအသက်နှင့်စိတ်
ဝိညာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်ကိုလည်းကောင်း၊
စိတ်အကြံအစည်နှင့် ခံစားချက်အားလုံးကိုလည်း
ကောင်း ထိုးထွင်း၍သိမြင်နိုင်သည်။ ၁၃ ဘုရားသခင်
၏မျက်မှောက်တော်မှ မည်သည့်အရာကိုမျှ ကွယ်
ဝှက်၍မရပါ။ ကိုယ်တော်သည် အရာခပ်သိမ်းတို့
ကိုရှင်းလင်းစွာသိမြင်တော်မူ၏။အရာခပ်သိမ်းတို့
သည်ရှေ့တော်၌ဖွင့်လှစ်ထားသဖြင့် ငါတို့၏အသက်
ရှင်မှုအတွက် ကိုယ်တော်ရှေ့၌ ဝန်ခံကြရမည်။

**ဘုရားသခင်၏ ရှေ့တော်မှောက်ဝင်ရန်
ခရစ်တော်မစတော်မူခြင်း**

၁၄ ငါတို့တွင် ကောင်းကင်ဘုံရှင်ဘုရားသခင်
နှင့်အတူ စံမြန်းတော်မူသော ယဇ်ပုရောဟိတ်မင်း
အကြီးတစ်ပါးရှိ၏။ ထိုသူသည် ဘုရားသခင်၏သား
တော်ယေရှုခရစ်တော်ဖြစ်သည်။ ထိုကြောင့် ငါတို့
၌ရှိသောယုံကြည်ခြင်းဖြင့်အစဉ်ခွန်အားနှင့်ပြည့်ကြ
ပါ။ ၁၅ ငါတို့၏ယဇ်ပုရောဟိတ်မင်းခရစ်တော်သည်
ငါတို့၏ အားနည်းခြင်းကို သိမြင်တော်မူ၏။ ခရစ်
တော်သည်လောကတွင်ရှိနေစဉ်စုံစမ်းနှောင့်ယှက်
ခြင်း အမျိုးမျိုးကို ခံခဲ့ရသည်။ ငါတို့ခံရသော စုံ
စမ်းနှောင့်ယှက်ခြင်းမျိုးကိုလည်း ခံခဲ့ရသည်။ သို့
သော် ကိုယ်တော်သည် အပြစ်မကျူးလွန်ခဲ့ပါ။ ၁၆
ငါ တို့၏ ယဇ်ပုရောဟိတ်မင်းခရစ်တော်နှင့်အတူ
ငါ တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ပလ္လင်
ရှေ့မှောက်သို့ အဖိုးအခမပေးရဘဲ တိုးဝင်ချဉ်းကပ်
ရသောအခွင့်ရကြ၏။ ထိုအရပ်၌ ငါတို့၏အားနည်းမှု
ကို ထောက်မသော ဘုရားသခင်၏ ကရုဏာတော်
နှင့် ကြင်နာမှုကို ရရှိကြသည်။

၅ ဂျူးလူမျိုးတို့၏ ယဇ်ပုရောဟိတ်မင်းကို လူအ
များထဲမှ ရွေးကောက်ကြ၏။ ထိုယဇ်ပုရောဟိတ်
တို့သည် လူတို့အား ဘုရားသခင်ကို ဝတ်ပြုခြင်း၌
ကူညီလုပ်ဆောင်ပေးကြသည်။ ထိုယဇ်ပုရောဟိတ်
တို့သည် အပြစ်ဖြေရန် ပူဇော်သက္ကာများနှင့် ယဇ်
ပူဇော်ခြင်းကို ဆောင်ရွက်ပေးရသည်။ ၂ ထို ယဇ်
ပုရောဟိတ်မင်းတို့သည် လူအများကဲ့သို့ အားနည်း
ခြင်းရှိသည်ဖြစ်၍ မှားယွင်းတတ်သောသူ၊ အသိ
ဉာဏ်နည်းသောသူတို့အားကြင်နာနိုင်သောသူများ
ဖြစ်ကြသည်။ ၃ ယဇ်ပုရောဟိတ်မင်းသည် လူတို့

အတွက် အပြစ်ဖြေရာယဇ်ကို ပူဇော်ရ၏။ သို့သော်
မိမိကိုယ်တိုင် အားနည်းချက်ရှိသောကြောင့် မိမိ
အပြစ်အတွက်လည်း ယဇ်ပူဇော်ရ၏။
[၄] ယဇ်ပုရောဟိတ်မင်းဖြစ်လျှင် ဂုဏ်ပြုထိုက်
ပေသည်။ သို့သော်မည်သူမျှ ထိုအလုပ်ကို လုပ်ရန်
ကိုယ်တိုင် ရွေးချယ်ခြင်းမဟုတ်၊ ထိုသူသည် အာရုန်
ကဲ့သို့ ဘုရားသခင် ရွေးချယ်သောသူဖြစ်ရမည်။
[၅]ထိုကဲ့သို့ပင် ခရစ်တော်သည် မိမိကိုယ်ကို ချီးမြှောက်
၍ ဘုန်းကျက်သရေအတွက် ယဇ်ပုရောဟိတ်မင်း
အဖြစ် ခံယူခြင်းမဟုတ်။ ဘုရားသခင်သည် ရွေး
ကောက်တော်မူသောကြောင့်ဖြစ်၏။ ဘုရားသခင်
က ခရစ်တော်အား

"သင်သည် ငါ့သားဖြစ်၏။
ငါသည် သင်၏ အဖဖြစ်၏"

ဟူ၍လည်းကောင်း၊ *ဆာလံ ၂း၇*

[၆] "သင်သည် မေလခိဇေဒက်ကဲ့သို့
ထာဝရယဇ်ပုရောဟိတ်ဖြစ်လိမ့်မည်"

ဟူ၍လည်းကောင်း မိန့်တော်မူ၏။ *ဆာလံ ၁၁၀း၄*

[၇] ခရစ်တော်သည် ကမ္ဘာလောကဦ၌ရှိစဉ် ဘုရား
သခင်မစရန် ဆုတောင်းပတ္ထနာပြုခဲ့သည်။ ဘုရား
သခင်သည် သေခြင်းငရဲမှ ကယ်တင်နိုင်သည့် တစ်
ဆူတည်းသော ဘုရားဖြစ်တော်မူ၏။ ခရစ်တော်သည်
မျက်ရည်ကျလျက် ကြွေးကြော်၍ တောင်းလျှောက်
ရာ ဘုရားသခင်သည် အဖြေပေးတော်မူ၏။ အဘယ်
ကြောင့်ဆိုသော် ခရစ်တော်သည် စိတ်နှလုံးနှိမ့်ချ
လျက် ဘုရားသခင်၏အလိုအတိုင်းလိုက်နာဆောင်
ရွက်တော်မူခြင်းကြောင့်ဖြစ်သည်။ [၈] ခရစ်တော်သည်
ဘုရားသခင်၏သားတော်ဖြစ်၏။ သို့သော် ဒုက္ခဆင်း
ရဲကို ခံပြီး ထိုဒုက္ခဆင်းရဲအားဖြင့် နားထောင်ခြင်း
အကြောင်းကို သင်ယူ၏။ [၉] ထိုနောက် ခရစ်တော်
သည်ပြည့်စုံခြင်းသို့ ရောက်၏။ ယေရှုသည် ယုံကြည်
နားထောင်သောသူတို့ထာဝရကယ်တင်ခြင်းရရှိမည့်
အကြောင်းဖြစ်သည်။ [၁၀] ဘုရားသခင်သည်လည်း
ခရစ်တော်အား မေလခိဇေဒက်ကဲ့သို့ ယဇ်ပုရော
ဟိတ်မင်းဖြစ်စေသည်။

### ဆုတ်ယုတ်ခြင်း မရှိရန် သတိပေးခြင်း

[၁၁] ထိုအကြောင်းအရာနှင့်ပတ်သက်၍သင်တို့
အား ပြောစရာများစွာရှိ၏။ သို့သော် သင်တို့၌
နားလည်လိုသောစိတ် မရှိသောကြောင့် ရှင်းပြရန်
အလွန်ခက်ခဲ၏။ [၁၂] သင်တို့သည် အချိန်များစွာကုန်
လွန်သဖြင့် ဆရာဖြစ်သင့်သော်လည်း ဘုရားသခင်၏
သွန်သင်ချက်ကို ခံယူရာတွင် နို့စို့ကလေးအရွယ်
သာ ရှိကြသေးသည်။ သင်တို့သည် မာသောအစာကို
မစားနိုင်ကြသေး။ [၁၃] နို့ကိုသာ သောက်သုံးရသော
ကလေးအရွယ်သာရှိသည်ဖြစ်၍ မှန်သောသွန်သင်
ချက်ကို နားမလည်နိုင်သေး။ ကလေးအရွယ် လွန်
လာမှသာ မာသောအစာကို စားနိုင်သည်။ ထိုအစာ
သည် ဝိညာဉ်တော်၌ကြီးထွားသောသူတို့၏ အစာဖြစ်
သည်။ ထိုသူသည် အကောင်းနှင့်အဆိုးကို ပိုင်းခြား
၍ သိနိုင်ပြီး ကောင်းသောအရာကို ကျင့်ကြံပြုမူ
တတ်သည်။

[၆] ထိုကြောင့် ငါတို့သည် ခရစ်တော်အကြောင်း
ပထမသင်ခန်းစာကို ပြီးမြောက်သင့်သည်။
ငါတို့၏ မူလအစပြုခဲ့သော နေရာသို့ ပြန်မလှည့်
သင့်ပေ။ ငါတို့သည် ဘုရားသခင်ကို မသိကျွမ်းမီ
ကပြုခဲ့သော အပြစ်များကို ကျောခိုင်း၍ ခရစ်တော်
၌ စတင်အသက်ရှင်ကြသည်။ [၂] ထိုစဉ်က ငါတို့
သည် နှစ်ခြင်းမင်္ဂလာနှင့်လက်တင်မင်္ဂလာအကြောင်း
ကိုလည်းကောင်း၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း
နှင့် ထာဝရစီရင်ခြင်းအကြောင်းကိုလည်းကောင်း
ပြောဆိုခဲ့ကြသည်။ [၃] သို့သော် ယခုအချိန်တွင်
ဘုရားသခင် အခွင့်ပေးသည်အတိုင်း စုံလင်ရင့်
ကျက်ခြင်းသို့ ရောက်ရကြမည်။
[၄-၆] လူတို့သည် သခင်ခရစ်တော်၏ လမ်းခရီး
တော်ကို ထားရစ်ခဲ့ပြီးနောက် နောက်တစ်ကြိမ်
အသက်တာပြောင်းလဲနိုင်မည်လော။ ငါသည် သမ္မာ
တရားကို ခံယူသောသူတို့၏အကြောင်းကို ပြော၏။
ထိုသူတို့သည် ဘုရားသခင်ပေးသနားတော်မူသော
ဆုကျေးဇူးများကိုခံယူပြီး ဝိညာဉ်တော်ကို ရရှိခဲ့ကြ
သည်။ ထိုသူတို့သည် ဘုရားသခင်၏တရားစကားကို
ကြားနာရပြီး ဘုရားသခင်၏ ကြီးမားသော တန်ခိုး
တော်နှင့် နိုင်ငံတော်ကို မြင်တွေ့ခဲ့ရသည်။ ထိုအရာ
အားလုံးအလွန်ကောင်းသည်ကို ကိုယ်တိုင် သိရှိရ
၏။ သို့သော် ထိုသူများသည် ဘုရားသခင်၏ သမ္မာ
တရားလမ်းမှ သွေဖယ်သွားကြသည်။ ထို့ကြောင့်
ထိုသူတို့သည် နောက်တစ်ဖန် ခရစ်တော်ထံသို့
ပြန်လှည့်လာ၍ အသက်တာပြောင်းလဲရန် ဖြစ်နိုင်
ဖွယ် မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် ခရစ်
တော်၏လမ်းမှ လှည့်ပြန်လာသောသူတို့သည် ခရစ်
တော်ကို လက်ဝါးကပ်တိုင်တွင် နောက်တစ်ကြိမ်
သံနှင့်ရိုက်သောသူများဖြစ်ကြသည်။ ထိုသူတို့သည်
ခရစ်တော်ကို လူအများရှေ့မှောက်တွင် အရှက်ခွဲ
ကြသည်။

[၇] ထိုသူတို့သည် မိုးရေများစွာရရှိသော မြေနှင့်တူသည်။ လယ်သမားသည် ထိုမြေမှ လူတို့ စားစရာများ ထွက်စေရန် စိုက်ပျိုးပြီး မြေကို စောင့်ရှောက်၏။ ထိုမြေတွင် လူတို့အတွက် အထောက်အကူပြုသော အသီးအနှံထွက်လျှင် ထိုမြေသည် ဘုရားသခင်၏ ကောင်း ချီးမင်္ဂလာ ဖြစ်သည်။ [၈] သို့သော် ထိုမြေ၌ ဆူးပင်နှင့် မြက်ပင်များသာ ပေါက်လျှင် ထိုမြေသည် အသုံးမဝင်။ ဘုရားသခင်၏ကျိန်ခြင်းကို ခံရကာ မီးအားဖြင့် ဖျက်ဆီးခြင်းခံရလိမ့်မည်။

[၉] ချစ်မိတ်ဆွေတို့ ငါတို့သည်နက်နဲသောစကားကို သင်တို့ထံသို့ ပါးလိုက်ခြင်းသည်သင်တို့ထံမှ သာ၍ ကောင်းသောအရာများကို မျှော်လင့်သောကြောင့်ဖြစ်၏။ သင်တို့သည် ကယ်တင်ခြင်းနှင့် စပ်ဆိုင်သောအရာတို့ကို လက်ခံဆောင်ရွက်ကြလိမ့်မည်ဟု ငါတို့သည် မျှော်လင့်ကြသည်။[၁၀] ဘုရားသခင်သည် တရားမျှတတော်မူသည်။ သင်တို့ ပြုခဲ့သောအရာအားလုံးကိုသတိရနေတော်မူလိမ့်မည်။ ဘုရားသခင်၏လူတို့အား မေတ္တာပြ၍ ကူညီမစကြသည်ကိုလည်း သတိရတော်မူလိမ့်မည်။[၁၁] သင်တို့၏ကြီးမြတ်သော မျှော်လင့်ချက်ပြည့်ဝစေရန် အစဉ်ကြိုးစားအား ထုတ်၍ အသက်ထက်ဆုံး တည်ကြည်ရန် အလိုရှိသည်။ [၁၂] သင်တို့အား ပျင်းရိသောသူ မဖြစ်စေလိုပါ။ ဘုရားသခင်ကတိပြုထားသောအရာများကို ရရှိသောသူများဖြစ်စေလိုသည်။ ဘုရားသခင် ကတိထားတော်မူသောအရာများကို ရရှိသောသူတို့သည် ယုံကြည်ခြင်း၊ သည်းခံခြင်းအားဖြင့်သာရကြသည်။

[၁၃] ဘုရားသခင်သည် အာဗြဟံနှင့် ကတိပြုရာတွင် မိမိထက် ကြီးမြတ်သောသူမရှိသောကြောင့် မိမိကိုယ်ကို တိုင်တည်၍ မိမိပြောသည့်အတိုင်း လုပ်ဆောင်မည်အကြောင်း ကတိထားတော်မူသည်။ [၁၄] ဘုရားသခင်က “သင့်အား အမှန်ပင် ကောင်းချီး ပေးမည်၊ သင်၏ မျိုးဆက်ကို အလွန်တိုးပွားများပြားစေမည်”ဟု ဆိုခဲ့သည်။ [၁၅] အာဗြဟံသည် ထိုကတိတော်ပြည့်စုံလာရန် စိတ်ရှည်စွာ သည်းခံစောင့်ဆိုင်းခဲ့သည်။ ထို့နောက် အာဗြဟံသည် ဘုရားသခင်ကတိထားသည့်အတိုင်း ကောင်းချီးမင်္ဂလာကို ခံစားရရှိသည်။

[၁၆] လူတို့သည် မိမိတို့ထက်ကြီးမြတ်သောနာမကို တိုင်တည်၍ ဝန်ခံကတိပြုတတ်ကြသည်။ ထိုဝန်ခံကတိက မိမိတို့ပြောဆိုသောအရာသည် မှန်ကန်ကြောင်း သက်သေပြသည်။ ထိုကတိသည် ငြင်းခုံမှုအားလုံးကို အဆုံးသတ်စေသည်။ [၁၇] ဘုရားသခင်က မိမိပေးထားသောကတိသည် မှန်ကန်ကြောင်းသက်သေပြလိုသည်။ ကတိတော်ခံရသောသူတိုင်း ထိုကတိတော်ကို ခံစားရရှိမည်ဖြစ်ကြောင်း သက်သေပြလိုသည်။ မိမိ၏ရည်ရွယ်ချက်သည် မည်သည့်အခါမျှ ပြောင်းလဲမည်မဟုတ်ကြောင်း ရှင်းလင်းစွာ သိရှိစေလိုသည်။ ထို့ကြောင့် ဘုရားသခင် ပြောလျှင် ပြောသည်အတိုင်းဖြစ်လိမ့်မည်။ မိမိပြောသောအရာသည် အမှန်ဖြစ်ကြောင်း မိမိကိုယ်တိုင် သက်သေပြရန် ကတိတော်ကို ပေးသည်။ [၁၈] ထိုအရာနှစ်ခုသည် မည်သည့်အခါမျှ ပြောင်းလဲခြင်းမရှိချေ။ ဘုရားသခင်သည် မုသားမသုံး၊ မိမိကတိတော်ကို မုသားဖြင့် မမြွက်ဆို။ ထို့ကြောင့် ဘုရားသခင်ထံသို့ ခိုလှုံသူများအတွက် ကြီးမားသောနှစ်သိမ့်မှုကို ပေးသည်။ ထိုအပြင် ဘုရားသခင်ပေးသော မျှော်လင့်ခြင်းဖြင့် အသက်ရှင်နိုင်ရန် ခွန်အားကို ပေးသည်။[၁၉] ငါတို့တွင် ကျောက်ဆူးကဲ့သို့သော မျှော်လင့်ခြင်းရှိသည်။ ၎င်းသည် ခိုင်ခံ့၍ ငါတို့ကို လုံခြုံမှုပေးနိုင်သည်။ ထိုမျှော်လင့်ခြင်းကျောက်ဆူးသည် ကောင်းကင်ဘုံဗိမာန်တော်ရှိသန့်ရှင်းရာဌာနတော်၊ ကန့်လန့်ကာခန်းဆီးအတွင်း၌ ချထား၏။ [၂၀] ယေရှုသည် ထိုကန့်လန့်ကာအတွင်းသို့ဝင်ပြီး ငါတို့အတွက် လမ်းကို ဖွင့်ပေးခဲ့သည်။ ခရစ်တော်သည်လည်း ယဇ်ပုရောဟိတ်အကြီးဖြစ်သော မေလခိဇေဒက်ကဲ့သို့ အမြင့်ဆုံးသော ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်။

## ယဇ်ပုရောဟိတ်မေလခိဇေဒက်

၇ မေလခိဇေဒက်သည်ရှာလင်ဘုရင်ဖြစ်ပြီး အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ်မင်းဖြစ်၏။ မေလခိဇေဒက်သည် ရှင်ဘုရင်အပေါင်းတို့ကို နှိမ်နင်းရာမှ ပြန်လာသော အာဗြဟံနှင့် တွေ့ဆုံသည်။ ထိုနေ့၌ မေလခိဇေဒက်သည် အာဗြဟံကို ကောင်းချီးပေးသည်။ [၂] အာဗြဟံလည်း မေလခိဇေဒက်အား မိမိ၌ရှိသောအရာအားလုံး၏ ဆယ်ဖို့တစ်ဖို့ကို ပေး၏။ (ရှာလင်ရှင်ဘုရင်မေလခိဇေဒက်ဟု ဆိုရာတွင် အဓိပ္ပာယ်နှစ်မျိုး ရှိ၏။ ပထမ အဓိပ္ပာယ်မှာ “ကောင်းမြတ်ခြင်း၏ဘုရင်”ဖြစ်၍ ဒုတိယမှာ“ငြိမ်သက်ခြင်း၏ဘုရင်”ဟူ၍ဖြစ်သည်)။ [၃] မေလခိဇေဒက်၏ဖခင်၊ မိခင်နှင့် မည်သည့်အရပ်က လာကြောင်းကို မသိကြ။ မည်သည့်အချိန်၌ မွေးဖွား၍ မည်သည့်အချိန်၌ ကွယ်လွန်သည်ကို

လည်း မည်သူမျှ မသိကြ။ မေလခိဇေဒက်သည်
ဘုရားသခင်၏သားတော်ကဲ့သို့ဖြစ်၍ ထာဝရယဇ်
ပုရောဟိတ်အဖြစ် အစဉ်အမြဲရှိနေသည်။
၄ မေလခိဇေဒက်သည် အလွန်ကြီးမြတ်ကြောင်း
ကို သင်တို့တွေ့ရသည်။ အာဗြဟံသည် စစ်တိုက်၍
ရသောဥစ္စာအားလုံး၏ ဆယ်ဖို့တစ်ဖို့ကို မေလခိ
ဇေဒက်အား ပေး၏။ ၅ ပညတ်တရားတွင် လေဝိ
အမျိုး ယဇ်ပုရောဟိတ်သည် အခြားသူများထံမှ
ဆယ်ဖို့တစ်ဖို့ကို ခံယူရသည်။ ယဇ်ပုရောဟိတ်သည်
အာဗြဟံမှ ဆင်းသက်သော မိမိအမျိုးအနွယ်များ
ထံမှ ထိုဆယ်ဖို့တစ်ဖို့ကို ကောက်ခံရသည်။ ၆ မေ
လခိဇေဒက်မူကား လေဝိအမျိုးအနွယ်မဟုတ်သော်
လည်း အာဗြဟံထံမှ ဆယ်ဖို့တစ်ဖို့ခံယူ၍ ဘုရား
သခင်၏ကတိတော်ကို ခံရသော အာဗြဟံအား
ကောင်းချီးပေးသည်။ ၇ လူအပေါင်းတို့သည်လည်း
အလွန်အရေးပါသောသူက မိမိထက်နိမ့်ကျ၍ အ
ရေးမပါသောသူကို ကောင်းချီးပေးလေ့ကြောင်း
သင်တို့ သိကြသည်။ ၈ ထိုယဇ်ပုရောဟိတ်တို့သည်
ဆယ်ဖို့တစ်ဖို့ကို ခံယူကြသော်လည်း လူဖြစ်သော
ကြောင့် သေဆုံးကြရ၏။ သို့သော် အာဗြဟံထံမှ
ဆယ်ဖို့တစ်ဖို့ကို ခံယူသော မေလခိဇေဒက်သည်
နှုတ်ကပတ်တော်၌ ဖော်ပြသည့်အတိုင်း အသက်
ရှင်လျက်ရှိသည်။ ၉ လေဝိသည် လူတို့ထံမှ ဆယ်
ဖို့တစ်ဖို့ကို ခံရသူဖြစ်သည်။ သို့သော် လေဝိသည်
အာဗြဟံနှင့်အတူ မေလခိဇေဒက်အား ဆယ်ဖို့
တစ်ဖို့ပေးသည်ဟု ဆိုနိုင်သည်။ ၁၀ ထိုစဉ်က လေဝိ
သည် မမွေးသေးပေ။ သို့သော် အာဗြဟံနှင့် မေလ
ခိဇေဒက်တို့ တွေ့ဆုံကြသောအချိန်တွင် လေဝိ
သည် အာဗြဟံ၏ကိုယ်ထဲ၌ ရှိနေသည်။
၁၁ လူတို့သည် လေဝိအမျိုး ယဇ်ပုရောဟိတ်
များနှင့်နီးနွယ်လျက် ပေးထားသော ပညတ်တရား
များကို စောင့်ထိန်းကြ၏။ သို့သော် ထိုနည်းသည်
ဝိညာဉ်ရေး၌ပြည့်စုံခြင်းကို မပေးနိုင်ပေ။ ထို့ကြောင့်
နောက်ထပ် ယဇ်ပုရောဟိတ်တစ်ပါးလာရန် လိုအပ်
သည်။ ထိုယဇ်ပုရောဟိတ်သည် အာရုန်ကဲ့သို့သော
ယဇ်ပုရောဟိတ်မဟုတ်ဘဲ မေလခိဇေဒက်ကဲ့သို့
သော ယဇ်ပုရောဟိတ်မင်းဖြစ်ရမည်။ ၁၂ ထို့ကြောင့်
အခြားသော ယဇ်ပုရောဟိတ်ပေါ် ထွန်းလာသောအခါ
ပညတ်တရားကို ပြောင်းလဲရမည်။ ၁၃ ငါတို့သည်
သခင်ခရစ်တော်အကြောင်းကို ပြောကြသည်။ သူ
သည် အခြားသောအမျိုးအနွယ်မှ ဖြစ်၏။ ထိုအမျိုး
အနွယ်မှ ယဇ်ပုရောဟိတ်မင်းအဖြစ် ယဇ်ပလ္လင်ပေါ်
အမှုကို ဆောင်ရွက်ခဲ့ဖူးသူ မရှိခဲ့ပေ။ ၁၄ ထိုသူ
သည် ယုဒအမျိုးအနွယ်မှ ဆင်းသက်သော သခင်
ဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုအမျိုးအနွယ်သည်
ယဇ်ပုရောဟိတ် အမျိုးအနွယ်ဖြစ်ကြောင်း မောရှေ
သည် တစ်ခွန်းမျှ ပြောဆိုခြင်း မရှိခဲ့ပေ။

## ယေရှုသည် မေလခိဇေဒက်ကဲ့သို့သော ယဇ်ပုရောဟိတ်မင်းဖြစ်ခြင်း

၁၅ ထိုအကြောင်းအရာသည် ယခုရှင်းလင်းလျက်
ရှိသည်။ မေလခိဇေဒက်ကဲ့သို့ အခြားသော ယဇ်ပု
ရောဟိတ်မင်း*(ခရစ်တော်)*ကြွလာသည်ကို ငါတို့
သိမြင်ကြသည်။ ၁၆ ထိုပုရောဟိတ်မင်းသည် လူ့နည်း
ဥပဒေဖြင့် ခန့်ထားသော ယဇ်ပုရောဟိတ်မဟုတ်။
မိမိ၏အစဉ်အမြဲတည်သော အသက်နှင့် တန်ခိုးအာ
ဏာအားဖြင့် ယဇ်ပုရောဟိတ်မင်းအဖြစ် ခံယူသူ
ဖြစ်သည်။ ၁၇ ကျမ်းစာတွင် "သင်သည် မေလခိဇေ
ဒက်ကဲ့သို့ ထာဝရ ယဇ်ပုရောဟိတ်မင်းဖြစ်သည်"
ဟု ဆိုထား၏။
၁၈ ပညတ်တရားသည် ဟောင်းနွမ်းလျက် အား
နည်း၍ အသုံးမဝင်တော့ချေ။ ၁၉ မောရှေ၏ပညတ်
တရားသည် မည်သည့်အရာကိုမျှ ပြည့်စုံခြင်းသို့
မပို့ဆောင်နိုင်တော့ချေ။ ယခုတွင် သာ၍ကောင်း
မွန်သောမျှော်လင့်ခြင်းကို ငါတို့အတွက် ပေးထား
ပြီ။ ထိုမျှော်လင့်ခြင်းအားဖြင့် ငါတို့သည် ဘုရားသ
ခင်ထံတော်သို့ တိုးဝင်ချဉ်းကပ်နိုင်သည်။
၂၀ ထို့ပြင် ဘုရားသခင်သည် ယေရှုခရစ်တော်
အား ယဇ်ပုရောဟိတ်အကြီးအဖြစ် ခန့်ထားစဉ်တွင်
သစ္စာဝတ်*(ကတိ)*ပြုခြင်းသည်လည်း အရေးကြီးပေ
သည်။ အခြားသောယဇ်ပုရောဟိတ်များ ခန့်ထား
ရာတွင် မည်သည့်သစ္စာကတိမျှ မပြုလုပ်ရ။ ၂၁ သို့
သော် ခရစ်တော်သည် ဘုရားသခင်၏ သစ္စာပြုခြင်း
ဖြင့် ယဇ်ပုရောဟိတ်မင်းဖြစ်လာသည်။ ဘုရားသခင်
က

"သင်သည် ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်
ဟု ထာဝရဘုရားသည်
ကတိသစ္စာပြုတော်မူသည်၊
ကိုယ်တော်၏စိတ်သည်
ပြောင်းလဲခြင်း အလျှင်းမရှိ"

ဟု ဆိုသည်။ *ဆာလံ ၁၁၀း၄*
၂၂ ယေရှု၌ ပြုသော ကတိပြုခြင်း၏ အာမခံချက်
သည် သာ၍မြတ်ကြောင်း ထင်ရှား၏။
၂၃ ထို့အပြင် အခြားသောယဇ်ပုရောဟိတ်သည်
သေဆုံးလျှင် ယဇ်ပုရောဟိတ်မဖြစ်နိုင်တော့ချေ။

ထိုကြောင့် ထိုကဲ့သို့သော ယဇ်ပုရောဟိတ်များစွာ
ရှိ၏။ ၂၄ ခရစ်တော်သည် ထာဝရအသက်ရှင်တော်
မူ၍ယဇ်ပုရောဟိတ်အမှုကို အစဉ်အမြဲထမ်းဆောင်
လေသည်။ ၂၅ ထို့ကြောင့် ခရစ်တော်သည် မိမိအား
ဖြင့် ဘုရားသခင်ထံတော်သို့ လာသောသူတို့ကို
ကယ်တင်ခြင်း ပေးနိုင်သည်။ ခရစ်တော်သည် ထို
သို့သောအမှုကို အစဉ်ပြုနိုင်သည်။ အကြောင်းမှာ
ခရစ်တော်သည် အစဉ်အမြဲအသက်ရှင်၍ ဘုရား
သခင်ထံလာသောသူတို့အား ကူမရန် အသင့်ရှိနေ
သည်။
၂၆ ထို့ကြောင့် ခရစ်တော်သည် ငါတို့ လိုအပ်
လျက်ရှိသော ယဇ်ပုရောဟိတ်မင်းဖြစ်သည်။ ကိုယ်
တော်သည် သန့်ရှင်း၏။ ကိုယ်တော်၌ အပြစ်လုံးဝ
မရှိ။ ကိုယ်တော်သည် စင်ကြယ်ပြီး အပြစ်ဒုစရိုက်
၏လွှမ်းမိုးမှုကို မခံရ။ ကိုယ်တော်သည် ကောင်း
ကင်ဘုံ၌ တည်ရှိတော်မူသည်။ ၂၇ ခရစ်တော်သည်
အခြားသောယဇ်ပုရောဟိတ်များကဲ့သို့ မဟုတ်။
အခြားသော ယဇ်ပုရောဟိတ်တို့သည် နေ့စဉ်ပူဇော်
သက္ကာပြုကြရသည်။ မိမိတို့၏အပြစ်အတွက် ဦးစွာ
ယဇ်ပူဇော်ကြရပြီး နောက် အခြားသူများအတွက်
ယဇ်ပူဇော် ကြရသည်။ သို့သော် သခင်ခရစ်တော်
သည် ထိုကဲ့သို့ပြုလုပ်ရန် မလိုပေ။ ခရစ်တော်သည်
တစ်ကြိမ်တည်းသာ ပူဇော်ခြင်းဖြင့် အချိန်တိုင်းအ
တွက် ပြည့်စုံပြီးဖြစ်၏။ ခရစ်တော်သည် မိမိ၏ခန္ဓာ
ကိုယ်ကို ပူဇော်လိုက်သည်။ ၂၈ ပညတ်တရားက
အားနည်းချက်ရှိသော လူတို့အထဲမှ ယဇ်ပုရောဟိတ်
ကို ရွေးကောက်သည်။ သို့သော် ဘုရားသခင်သည်
ပညတ်တရားကို ကျော်လွန်၍ ကတိသစ္စာပေးခဲ့
သည်။ ထိုကတိစကားကို သစ္စာဝတ်ပြု၍ ပေး ခဲ့သည်။
ထိုကတိစကားသည် ဘုရားသခင်၏ သားတော်အား
ယဇ်ပုရောဟိတ်မင်းအကြီးဖြစ်စေသည်။ ထိုသား
တော်အား အစဉ်အမြဲ ပြည့်စုံခြင်းရှိစေသည်။

## ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းဖြစ်ခြင်း

၈ ငါတို့ ဆိုခဲ့သော ယဇ်ပုရောဟိတ်မင်းသည်
ယခု ငါတို့တွင် ရှိ၏။ ထိုယဇ်ပုရောဟိတ်မင်း
သည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ပလ္လင်
တော်လက်ျာဘက်တွင် စိုးစံတော်မူသည်။ ၂ ငါ
တို့၏ ယဇ်ပုရောဟိတ်မင်းသည် အသန့်ရှင်းဆုံး
သောအရပ်ဌာန၌ အမှုထမ်းဆောင်တော်မူ၏။ ထို
နေရာသည် လူ့လက်ဖြင့် မလုပ်ဘဲ ဘုရားသခင်
ကိုယ်တော်တိုင်ပြုလုပ်သော မှန်ကန်သည့်ဝတ်ပြု
ကိုးကွယ်ရာဌာနဖြစ်သည်။
၃ ယဇ်ပုရောဟိတ်မင်းရှိသမျှတို့သည် ဘုရား
သခင်အား လှူဒါန်းဆက်ကပ်ခြင်းနှင့် ပူဇော်ခြင်း
များကို ပြုရသည်။ ထို့ကြောင့် ငါတို့၏ ယဇ်ပုရော
ဟိတ်မင်းသည်လည်း ဘုရားသခင်အား တစ်စုံတစ်ခု
ဆက်ကပ်ပူဇော်ရန် လိုပေသည်။ ၄ ငါတို့၏ယဇ်ပုရော
ဟိတ်မင်းသည် ယခုကမ္ဘာပေါ်တွင်ရှိနေသေးလျှင်
ယဇ်ပုရောဟိတ်မင်း မဖြစ်နိုင်။ ထိုအကြောင်းအရာ
ကို ပြောရခြင်းမှာ ထာဝရဘုရား၏ နည်းဥပဒေသ
အတိုင်း ပူဇော်ဆက်ကပ်သောသူတိုင်းသည် ယဇ်
ပုရောဟိတ်အများ ရှိခဲ့သောကြောင့်ဖြစ်သည်။ ၅ ထို
ယဇ်ပုရောဟိတ်များ ပြုသောအရာမှန်သမျှသည်
ကောင်းကင်ဘုံ၌အမှန်ဖြစ် မည့်အရာများ၏ပုံရိပ်
များသာဖြစ်သည်။ ထို့ကြောင့်မောရှေသည် သန့်ရှင်း
သောတဲတော်ကို ဆောက်လုပ်ရန်ပြင်ဆင်ချိန်တွင်
ဘုရားသခင်က "သင့်အား တောင်ပေါ်မှာ ငါပြသခဲ့
သည့်အတိုင်း အရာရာတိုင်းကို တိကျသေချာစွာ
လုပ်ရမည်" ဟု သတိပေးခဲ့သည်။ ၆ သို့သော် ခရစ်
တော်၌ပေးအပ်သောအလုပ်သည် ထိုယဇ်ပုရော
ဟိတ်များအား ပေးအပ်သောအလုပ်ထက်သာ၍
ကြီးမြတ်ပေသည်။ ထိုနည်းတူစွာ ဘုရားသခင်ထံ
တော်မှ ခရစ်တော်ယူဆောင်လာခဲ့သော မိမိ၏လူမျိုး
တော်အတွက် ပဋိညာဉ်အသစ်သည် ပဋိညာဉ်
အဟောင်းထက် သာ၍ကြီးမြတ်၏။ ပဋိညာဉ်တရား
သစ်သည်လည်း သာ၍ကောင်းမွန်သော ကတိတော်
အပေါ်တွင် အခြေခံပါသည်။
၇ အကယ်၍ ပထမအကြိမ်ပြုသော ပဋိညာဉ်
တော်သည် ချွတ်ချော်မှုမရှိလျှင် ဒုတိယပဋိညာဉ်
ကို ပြုရန် မလိုပေ။ ၈ သို့သော် လူတို့၏ချွတ်ချော်မှု
ကို ဘုရားသခင် သိမြင်၍ ဤသို့မိန့်တော်မူ၏။
"ဣသရေလအမျိုးနှင့် ဂျူးလူမျိုးတို့အတွက်
ပဋိညာဉ်တရားသစ်ကို
ပေးရသောအချိန်ရောက်လာလိမ့်မည်၊
၉ ထိုပဋိညာဉ်သည်
အီဂျစ်ပြည်မှ နှုတ်ဆောင်ခဲ့စဉ်က
သူတို့၏ဘိုးဘေးများအား
ပေးခဲ့ဖူးသော ပဋိညာဉ်နှင့်မတူ။
သူတို့သည် ထိုပဋိညာဉ်ကို
မစောင့်ထိန်းနိုင်ကြ၊
ထို့ကြောင့် သူတို့ထံမှ
ငါထွက်သွားသည်ဟု ထာဝရဘုရား
မိန့်မြွက်တော်မူသည်၊

၁၀ ဤပဋိညာဉ်သည် ဣသရေလတို့အတွက်
ပဋိညာဉ်အသစ်ဖြစ်၏၊
ထာဝရဘုရားကလည်း
နောင်ကာလ၌ ဤပဋိညာဉ်တရားသစ်ကို
ငါပေးမည်ဟု မိန့်မြွက်တော်မူ၏၊
ငါ၏ပညတ်ချက်ကို သူတို့၏
စိတ်သဘောထဲသို့ ငါထည့်ပေးမည်၊
သူတို့၏ နှလုံးသားထဲတွင်
ငါ၏ နည်းဥပဒေသများကို
ငါရေးသွင်းမည်။
ငါသည် သူတို့၏ ဘုရားသခင်ဖြစ်၍
သူတို့သည်လည်း
ငါ၏လူဖြစ်ကြလိမ့်မည်၊
၁၁ ထိုသူတို့သည်
ညီအစ်ကိုချင်းတို့အားလည်းကောင်း၊
တပါးလူတို့အားလည်းကောင်း
ထာဝရဘုရားကို သိကျွမ်းမည်အကြောင်း၊
သွန်သင်လမ်းပြရန်
မလိုတော့ပေ၊
အဘယ်ကြောင့်ဆိုသော်
အကြီးမြတ်ဆုံးသောသူမှစ၍
အနိမ့်ကျဆုံးသောသူတိုင်အောင်
ငါ့ကို သိကျွမ်းကြလိမ့်မည်။
၁၂ သူတို့သည် ငါ့အား
ဆန့်ကျင်သောမှားယွင်းမှုများကို
ငါခွင့်လွှတ်မည်၊
ထိုသူတို့၏အပြစ်များကို
ငါသတိရတော့မည် မဟုတ်"

*ယေရမိ ၃၁း၃၁-၃၄*

၁၃ ဘုရားသခင်သည် ထိုအရာကို ပဋိညာဉ်
တရားသစ်ဟုခေါ်ဆို၏။ ထို့ကြောင့် ဘုရားသခင်သည်
ပထမတရားကို ဟောင်းနွမ်းစေသည်။ ဟောင်း
နွမ်းသောအရာဖြစ်လျှင် အသုံးမကျတော့ဘဲ ပျောက်
ကွယ်သွားရန်သာရှိတော့သည်။

## ပဋိညာဉ်တရားဟောင်း၌ ကိုးကွယ်ခြင်း

၉ ပထမ ပဋိညာဉ်တွင် ဝတ်ပြုကိုးကွယ်ဆိုင်ရာ
ဥပဒေများရှိသည်။ လူတို့ပြုလုပ်သော ဝတ်ပြု
ကိုးကွယ်ရာ နေရာဌာနလည်းရှိသည်။ ၂ ထိုနေရာ
သည် တဲတော်ထဲ၌ ရှိသည်။ ပထမဦးဆုံးနေရာကို
သန့်ရှင်းရာနေရာဟုခေါ်၏။ ထိုသန့်ရှင်းသောနေရာ
ထဲတွင် မီးတိုင်နှင့် ဘုရားသခင်အား ပူဇော်ထား
သော မုန့်စားပွဲရှိ၏။ ၃ ဒုတိယကန့်လန့်ကာ၏နောက်
တွင် အသန့်ရှင်းဆုံးနေရာအခန်းရှိသည်။ ၄ ထိုအ
သန့်ရှင်းဆုံးနေရာတွင် နံ့သာပေါင်းပူဇော်ရန်အ
တွက် ရွှေယဇ်ပလ္လင်ရှိ၏။ ထိုနေရာတွင် သန့်ရှင်း
သောသေတ္တာရှိသည်။ ထိုသေတ္တာကို ရွှေဖြင့် မွမ်းမံ
ထားသည်။ ထိုသေတ္တာထဲတွင် မန္နမုန့်ထည့်ထား
သော ရွှေခရားနှင့် အရွက်ထွက်လာသော အာရုန်
၏တောင်ဝှေးရှိ၏။ ထိုသေတ္တာထဲ၌ ပညတ်တော်
ဆယ်ပါး ရေးထွင်းထားသော ကျောက်ပြားနှစ်ချပ်
လည်းရှိ၏။ ၅ ထိုသေတ္တာထက်တွင် ဘုရားသခင်၏
ဘုန်းအသရေတော်ကို ဖော်ပြသော ကောင်းကင်
တမန်ခေရုဗိမ်ပုံပါရှိသည်။ ထိုခေရုဗိမ် ကောင်း
ကင်တမန်တို့သည် ကရုဏာပလ္လင်တော်တွင် ရှိ
သည်။ သို့သော် ထိုခေရုဗိမ်အကြောင်းကို ငါတို့
သည် စုံလင်စွာ မပြောနိုင်သေး။
၆ တဲတော်ထဲ၌ရှိသော အားလုံးတို့သည် ငါ
ပြောသည့်အတိုင်း တည်ဆောက်ထားသည်။ ယဇ်
ပုရောဟိတ်သည် နေ့စဉ်ပထမအခန်းထဲသို့ ဝင်ပြီး
ဘုရားဝတ်ကို ပြုရသည်။ ၇ သို့သော် ယဇ်ပုရော
ဟိတ်မင်းကြီးတစ်ပါးတည်းသာ ဒုတိယအခန်းထဲ
သို့ ဝင်ခွင့်ရှိသည်။ ထိုယဇ်ပုရောဟိတ်မင်းသည်
တစ်နှစ်လျှင် တစ်ကြိမ်သာ ထိုအခန်းထဲသို့ ဝင်ရ
သည်။ ထိုအခန်းသို့ ယဇ်ပုရောဟိတ်မင်းကြီးသည်
အသွေးမပါဘဲ ဘယ်သောအခါမျှ မဝင်ရ။ ထိုအသွေး
အားဖြင့် သူ၏အပြစ်နှင့်လူတို့၏ အပြစ်အတွက်
အပြစ်ဖြေရာယဇ်ကို ပူဇော်ရသည်။ ထိုအပြစ်သည်
မိမိတို့မသိဘဲ ကျူးလွန်မိသောအပြစ်များဖြစ်သည်။
၈ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသီးသန့်အခန်း
နှစ်ခန်းကို အကြောင်းပြုပြီး ငါတို့အား ပထမအခန်း
ရှိနေသေးသမျှ အသန့်ရှင်းဆုံးဒုတိယအခန်းထဲသို့
ဝင်သောလမ်း မပွင့်သေးကြောင်း သွန်သင်သည်။
၉ ထိုအရာသည် ယနေ့ငါတို့အတွက် ပုံဥပမာပင်
ဖြစ်သည်။ ငါတို့ပူဇော်သောယဇ်နှင့် ပူဇော်သက္ကာ
များသည် အပြစ်ကို ရှင်းရှင်းမလွှတ်ပေးနိုင်ကြောင်း
ကို ဖော်ပြသည်။ ထိုပူဇော်သက္ကာသည် လူတို့၏
စိတ်နှလုံး၌ပြည့်စုံခြင်းကို မပေးနိုင်ချေ။ ၁၀ ထိုယဇ်
နှင့် ပူဇော်သက္ကာများသည် လူတို့၏ခန္ဓာကိုယ်အ
တွက်သောက်ရန်၊ စားရန် နှင့်ဆေးကြောရန်အတွက်
သာဖြစ်၍အတွင်းစိတ်နှလုံးအတွက် မဟုတ်ပေ။
ဘုရားသခင်သည် ၎င်းကို မိမိ၏လူမျိုးတော်တို့
အား ပညတ်တရားသစ်မတိုင်မီ လိုက်လျှောက်ရန်
ပေးခဲ့သည်။

## ပဋိညာဉ်တရားသစ်၌ ကိုးကွယ်ခြင်း

၁၁ ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီး အဖြစ်ကြွလာ၍ ငါတို့အတွက် ကောင်းသောအမှုကို ဆောင်ရွက်ပေးသည်။ ခရစ်တော်သည် အခြားသော ယဇ်ပုရောဟိတ်များကဲ့သို့ တဲတော်ထဲတွင် ယဇ်ပူဇော်ခြင်းအမှုကို မပြု။ ထိုထက်သာလွန်ကောင်းမွန်သောနေရာတွင် သာ၍ပြည့်စုံအမှုကို ဆောင်ရွက်ပေး၏။ ထိုနေရာသည် လူတို့တည်ဆောက်ထားသောနေရာမဟုတ်။ ဤကမ္ဘာလောကကြီးနှင့် သက်ဆိုင်သောနေရာလည်း မဟုတ်။ ၁၂ ခရစ်တော်သည် အသန့်ရှင်းဆုံးသောအရပ်ဌာနသို့ တစ်ကြိမ်တည်း ဝင်တော်မူ၏။ ထိုတစ်ကြိမ်ဝင်ခြင်းသည် အစဉ်လုံလောက်ပြည့်စုံခြင်းရှိ၏။ ခရစ်တော်သည် ထိုအသန့်ရှင်းဆုံးနေရာသို့ ဆိတ်အသွေး၊ နွားငယ်အသွေးနှင့်မဟုတ်၊ မိမိ၏အသွေးတော်နှင့်ဝင်ရောက်သည် *(အသေခံခြင်း)*။ ခရစ်တော်သည် ထိုအသန့်ရှင်းဆုံးနေရာအရပ်သို့ဝင်ပြီး ငါတို့အား အပြစ်မှ ထာဝရလွတ်မြောက်ခြင်းအခွင့်ကို ပေး၏။ ၁၃ ဆိတ်အသွေး၊ နွားသူငယ်အသွေးနှင့် နွားမငယ်၏ပြာအား အပြစ်ရှိသောသူတို့၏အပေါ်သို့ဖြန်းခြင်းဖြင့် ထိုသူသည် သန့်ရှင်းရာနေရာသို့ အစဉ်အမြဲ မဝင်ရောက်နိုင်။ ထိုအသွေးနှင့်ပြာသည် လူများတို့အား တစ်ဖန်ပြန်လည်၍ သန့်ရှင်းစေသည် မှန်သော်လည်း မိမိတို့၏ခန္ဓာအတွက်သာ ဖြစ်သည်။ ၁၄ ထိုသို့ဆိုသော် သခင်ခရစ်တော်၏အသွေးသည် သာ၍စွမ်းဆောင်နိုင်ပြီး သာ၍ကောင်းမွန်၏။ ခရစ်တော်သည် မိမိကိုယ်ကိုပြည့်စုံသောယဇ်အဖြစ် ထာဝရဝိညာဉ်အားဖြင့် ဘုရားသခင်ထံသို့ ပူဇော်ခဲ့၏။ ထိုအသွေးတော်သည် ငါတို့ပြုလုပ်ခဲ့သော အပြစ်ဒုစရိုက်များမှ လုံးဝသန့်ရှင်းခြင်းကို ပေးနိုင်၏။ ထိုအသွေးသည် ငါတို့၏စိတ်နှလုံးကိုပင် သန့်ရှင်းစေနိုင်သည်။ ထို့ကြောင့် ငါတို့သည် သန့်ရှင်းခြင်းအခွင့်ကို ရ၍ အသက်ရှင်သောဘုရားသခင်အား ကိုးကွယ် *(အစေခံ)* နိုင်ကြ၏။

၁၅ ထို့ကြောင့် ဘုရားသခင်ခေါ်တော်မူသောသူအပေါင်းတို့သည် ဘုရားသခင်ကတိထားတော်မူသောအရာများကို အစဉ်အမြဲရရှိစေရန် ခရစ်တော်သည် ပဋိညာဉ်တရားသစ်ကိုဘုရားသခင်ထံမှ လူတို့ထံသို့ ယူဆောင်လာခဲ့သည်။ အကြောင်းမှာ ပထမပညတ်တရားဟောင်းမှ ကျူးလွန်ပြစ်မှားခဲ့သော အပြစ်အားလုံးအတွက် ခရစ်တော်သည် အသေခံ၍ ပေးဆပ်ခဲ့ပြီးဖြစ်သည်။ ခရစ်တော်အသေခံခြင်းသည် လူတို့ကို အပြစ်မှ လွတ်မြောက်ခြင်းပေးရန်အတွက် ဖြစ်သည်။

၁၆ လူတစ်ဦးထားခဲ့သော သေတမ်းစာ *(သဘောတူညီချက်)* တည်စေရန် ထိုသေတမ်းစာကို ရေးသောသူသေဆုံးပြီးကြောင်းသက်သေပြရမည်။ ၁၇ ထိုစာတမ်းကို ရေးသောသူသည် အသက်ရှင်နေသေးလျှင် ထိုသေတမ်းစာသည် ဘာမျှအကျိုးမရှိပေ။ သေတမ်းစာကို ရေးသောသူသေဆုံးမှသာ အတည်ပြုနိုင်သည်။ ၁၈ ထိုနည်းတူ ပထမပဋိညာဉ်သည် လူနှင့် ဘုရားသခင်၏ သဘောတူညီချက်ဖြစ်သည်။ ထိုပဋိညာဉ်ကို အတည်ဖြစ်စေရန် အသွေးသွန်းခြင်း *(သေခြင်း)* ရှိရမည်။ ၁၉ မောရှေသည် ပညတ်ချက်ရှိသမျှကို လူအပေါင်းတို့အား ရှေ့ဦးစွာ ဖော်ပြသည်။ ထို့နောက် မောရှေသည် နွားအသွေးကို ယူ၍ ရေနှင့်ရောသည်။ ထို့နောက် သိုးမွေးအနီရောင်ကို ဟုသုပ်ပင်အကိုင်းတွင်ချည်၍ အသွေးနှင့်ဆွတ်ပြီး ပညတ်တရားပေါ်၌လည်းကောင်း၊ လူတို့၏ကိုယ်ပေါ်၌လည်းကောင်း ဖျန်းပက်ရ၏။ ၂၀ ထိုနောက် မောရှေက "ဤအသွေးသည် သင်တို့လိုက်လျှောက်ရန် ဘုရားသခင်ပေးသော ပဋိညာဉ်တရားကို တည်စေသည်" ဟု ဆို၏။ ၂၁ ထိုနည်းတူ မောရှေသည် သန့်ရှင်းသောတဲတော်ပေါ်၌လည်းကောင်း၊ ဝတ်ပြုရာတွင် အသုံးပြုသောပစ္စည်းများအားလုံးအပေါ်၌လည်းကောင်း ထိုအသွေးကို ဖျန်းပက်သည်။ ၂၂ ပညတ်တရားတွင် အရာအားလုံးသည် အသွေးအားဖြင့် သန့်ရှင်းစင်ကြယ်စေသည်ဟု ဆို၏။ အသွေး *(သေခြင်း)* မပါဘဲ အပြစ်ဖြေလွှတ်ခြင်း မရှိနိုင်။

## ခရစ်တော်၏ယဇ်သည် အပြစ်များကို ယူဆောင်သွားခြင်း

၂၃ ဤအရာအလုံးစုံတို့သည် ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ ပုံရိပ်ဖြစ်သည်။ ထိုပုံရိပ်တွင် တိရစ္ဆာန်ကို ပူဇော်ခြင်းဖြင့် သန့်ရှင်းစေနိုင်သည်။ သို့သော် ကောင်းကင်ဘုံ၌ ထိုထက်သာ၍မြတ်သောယဇ်အားဖြင့် သန့်ရှင်းစေရသည်။ ၂၄ ခရစ်တော်သည် အလွန်သန့်ရှင်းရာဌာနသို့ ဝင်တော်မူသည်။ သို့သော် ခရစ်တော်သည် လူတို့လက်ဖြင့်ပြုလုပ်သောနေရာတွင် ဝင်တော်မူသည်မဟုတ်။ ထိုအသန့်ရှင်းဆုံးသောနေရာသည် ပုံရိပ်မျှသာဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်ဘုံထဲသို့ ဝင်တော်မူ၍ ယခုဘုရားသခင်၏ရှေ့တော်တွင် ငါတို့အား ကူညီလျက်ရှိသည်။ ၂၅ ယဇ်ပုရောဟိတ်အကြီးသည် အ

သန့်ရှင်းဆုံးနေရာထဲသို့ တစ်နှစ်လျှင် တစ်ကြိမ်
အသွေးပါလျက် ဝင် ရသည်။ သို့သော် ခရစ်တော်
ကဲ့သို့ မိမိအသွေးကို ပူဇော်ခြင်းမဟုတ်။ ခရစ်
တော်သည် ကောင်းကင်ဘုံသို့ ဝင်တော်မူ၏။ သို့
သော် အခြားသောယဇ်ပုရောဟိတ်များကဲ့သို့ မိမိ
ခန္ဓာကိုယ်ကို အကြိမ်ကြိမ် ယဇ်ပူဇော်ခြင်း မပြု။
၂၆ အကယ်၍ ခရစ်တော်သည် မိမိကိုယ်ကို အကြိမ်
ကြိမ်ပူဇော်လျှင် သူသည် ကမ္ဘာတည်စကတည်း
ကပင် ဒုက္ခအကြိမ်ကြိမ် ခံရမည်ဖြစ်သည်။ သို့
သော် ခရစ်တော် သည် မိမိကိုယ် ကို တစ်ကြိမ်တည်း
သာ ပူဇော်ရန်ကြွဆင်းလာသည်။ ထိုတစ်ကြိမ်တည်း
ပူဇော်ခြင်းသည် ထာဝရအတွက်ပြည့်စုံသည်။
ခရစ်တော်သည် ကပ်ကမ္ဘာ ကုန်ဆုံးလုနီးချိန်တွင်
ကြွဆင်းလာပြီး အပြစ်များစွာကို ယူဆောင်ရန် သူ၏
ခန္ဓာကိုယ်ကို ယဇ်ကောင်အဖြစ် တင်လှူပူဇော်ခြင်း
ဖြစ်သည်။ ၂၇ လူတိုင်း သေရမည်။ သေလွန်ပြီး
နောက်တွင် တရားစီရင်ခြင်းကို ခံရမည်။ ၂၈ ထို့
ကြောင့် ခရစ်တော်သည် လူအပေါင်းတို့၏ အပြစ်
ကို ဆောင်ယူသွားရန် မိမိကိုယ်ကို ယဇ်ပူဇော်ခြင်း
ဖြစ်သည်။ ခရစ်တော်သည် နောက်တစ်ဖန် ပြန်
လည်ကြွလာဦးမည်။ သို့သော် လူတို့၏အပြစ်အ
တွက် မဟုတ်တော့ဘဲ မိမိအား စောင့်မျှော်နေ
သူတို့ကို ကယ်တင်ရန် ကြွလာမည်ဖြစ်သည်။

## ခရစ်တော်၏ ယဇ်ပူဇော်ခြင်းက ငါတို့အား ပြည့်စုံစေခြင်း

၁၀ ပညတ်တရားသည်နောင်လာမည့်ကောင်း
သောအရာများကိုရှင်းလင်းစွာဖော်ပြခြင်း
မရှိပေ။ ပညတ်တရားသည် စစ်မှန်သောအရာ၏
ပြည့်စုံသော ပုံသဏ္ဌာန်ကို မပြ၊ အရိပ်ကိုသာပြ၏။
ပညတ်တရားက နှစ်စဉ်နှစ်တိုင်း ယဇ်ပူဇော်ရန်
ပညတ်ထားသည်။ ထာဝရဘုရားအား ဝတ်ပြုကိုး
ကွယ်ရန် ရောက်ရှိလာသူများ အားလုံးသည် ထို
ယဇ်ကို အမြဲပူဇော်ရသည်။ သို့သော် ထိုပညတ်တ
ရားသည် လူတို့အား ပြည့်စုံခြင်းအဖြစ်သို့ မရောက်
စေနိုင်။ ၂ အကယ်၍ ပညတ်တရားသည် လူတို့အား
ပြည့်စုံခြင်းအဖြစ်သို့ ရောက်စေလျှင် ထိုယဇ်ပူဇော်
ခြင်းသည် ပြီးဆုံးသွားလိမ့်မည်။ လူအပေါင်းတို့ကို
လည်း မိမိတို့အပြစ်မှ သန့်ရှင်းစေလိမ့်မည်။
နောက်တစ်ဖန်အပြစ်မလုံ၍ရှက်ဖွယ်ရှိမည်မဟုတ်။
သို့ သော် ပညတ်တရားသည် ထိုသို့ ပြုလုပ်မပေး
နိုင်။ ၃ ထိုယဇ်ပူဇော်ခြင်းသည် မိမိတို့၏အပြစ်ကို
နှစ်စဉ်အမြဲအောက်မေ့စေသည်။ ၄ အကြောင်းမှာ
နွားသူငယ်အသွေး၊ ဆိတ်အသွေးသည် အပြစ်ကို
မဖယ်ရှားနိုင်သောကြောင့်ဖြစ်သည်။
၅ ခရစ်တော်လောကထဲသို့ ကြွလာစဉ်က ဤ
သို့ မိန့်တော်မူသည်။

"ကိုယ်တော်(*ဘုရား*)သည်
ယဇ်ပူဇော်ခြင်းနှင့် ပူဇော်သက္ကာကို
အလိုမရှိ။ ထို့ကြောင့်
ကျွန်ုပ်အတွက် ခန္ဓာကိုယ်ကို
ပြင်ဆင်တော်မူ၏။
၆ ကိုယ်တော်သည် တိရစ္ဆာန်များကို
သတ်ဖြတ်၍ မီးရှို့ပူဇော်သည်ကို
အားရတော်မမူ။
အပြစ်ကိုယူဆောင်ရန်
ယဇ်ပူဇော်ခြင်းကိုလည်း
အားရတော်မမူ။
၇ အကျွန်ုပ်ကလည်း အိုဘုရားသခင်
အကျွန်ုပ်ရှိပါ၏။
ပညတ်ချက်ကျမ်းစာ၌
ကျွန်ုပ်အားရည်ညွှန်း၍
ရေးထားသည့်အတိုင်း
ကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကို
ဆောင်ရန်လာပါသည်"

*ဆာလံ ၄၀း၆-၈*

၈ ကျမ်းစာ၌ ထိုသူ(*ခရစ်တော်*)ရှေးဦးစွာ မိန့်
မြွက်ခဲ့သည်မှာ ကိုယ်တော်သည် ယဇ်ပူဇော်ခြင်း
နှင့် ပူဇော်သက္ကာကို အားမရပါ။ ကိုယ်တော်သည်
တိရစ္ဆာန်များကို သတ်ဖြတ်ပြီး မီးရှို့၍ ပူဇော်ခြင်း
ဖြင့် အပြစ်ဖြေခြင်းကို ကိုယ်တော် အားမရပါ။ (ထို
ပူဇော်ခြင်းများသည် ပညတ်တရားအတိုင်းဖြစ်သည်)
၉ ထို့နောက် ထိုသူ (*ခရစ်တော်*) မိန့်ဆိုသည်မှာ
အိုဘုရားသခင်၊ ကျွန်ုပ်ရှိပါ၏။ ကျွန်ုပ်သည် ကိုယ်
တော်၏အလိုတော်ကို ဆောင်ရွက်ရန် လာပါသည်။
ထိုအကြောင်းကြောင့် ဘုရားသခင်သည် ပထမ
ယဇ်ပူဇော်ခြင်းကိုပြီးဆုံးစေပြီး ယခုပဋိညာဉ်အသစ်
ကို အစပြု၏။ ၁၀ ယေရှုခရစ်တော်သည် ဘုရားသခင်
အလိုတော်အတိုင်းဆောင်ရွက်ခဲ့သည်။ ထိုကြောင့်
ငါတို့သည် ခရစ်တော်၏ယဇ်အားဖြင့် သန့်ရှင်းရ
သောအခွင့်ကို ရကြသည်။ ခရစ်တော်၏ခန္ဓာကိုယ်
ကို တစ်ခါတည်း ပူဇော်ခြင်းသည် အချိန်တိုင်းအ
တွက် လုံလောက်သည်။
၁၁ ယဇ်ပုရောဟိတ်သည် မတ်တတ်ရပ်လျက်

သူတို့၏ဘာသာရေးထုံးတမ်းဓလေ့များကို နေ့တိုင်း
ဆောင်ရွက်ကြသည်။ ယဇ်ပူဇော်ခြင်းကို အထပ်ထပ်
ပြုလျက်နေကြသည်။ သို့သော် ထိုယဇ်သည် အပြစ်
များကို ဖြေလွှတ်နိုင်စွမ်းမရှိချေ။ ၁၂ သို့သော်
ခရစ်တော်သည် အပြစ်အတွက် မိမိ၏ကိုယ်ခန္ဓာ
ကို တစ် ကြိမ်တည်းသာ ပူဇော်ခဲ့သည်။ ထိုယဇ်
သည် အစဉ်အမြဲလုံလောက်သော အပြစ်ဖြေရာယဇ်
ဖြစ်သည်။ ထို့နောက် ခရစ်တော်သည် ဘုရားသခင်
၏လက်ျာဘက်တွင် ထိုင်နေတော်မူ၏။ ၁၃ ယခု
ခရစ်တော်သည် မိမိ၏ရန်သူများကို မိမိ၏တန်ခိုး
တော်အောက်၌ ချထားရန် စောင့်ဆိုင်းလျက်နေ
သည်။ ၁၄ တစ်ခုတည်းသော ယဇ်ပူဇော်ခြင်းဖြင့်
ခရစ်တော်သည်သူ၏လူတို့ကို အစဉ်အမြဲ ပြည့်စုံ
သောသူများဖြစ်စေသည်။ ထိုသူတို့သည် ခရစ်တော်
အားဖြင့် သန့်ရှင်းသောသူများဖြစ်ကြသည်။
၁၅ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ငါတို့
အား ထိုအကြောင်းကို ဤသို့ပြောပြ၏။
၁၆ "ဘုရားသခင်က ဤပဋိညာဉ်သည်
ငါ၏လူမျိုးတို့နှင့်နောင်ကာလတွင် ပြုမည့်
ပဋိညာဉ်ဖြစ်သည်။
ငါ၏ပညတ်တရားကို
သူတို့၏စိတ်နှလုံးထဲ၌ သွင်းပေးမည်
သူတို့နှလုံးသားထဲ၌
ငါ၏နည်းဥပဒေသကို ငါရေးထားမည်"
ဟု မိန့်တော်မူသည်။ *ယေရမိ ၃၁း၃၃*
၁၇ ထို့နောက် ထာဝရဘုရားက
"ငါသည် သူတို့၏ အပြစ်ကိုလွှတ်မည်။
ထိုသူတို့ပြုသောဒုစရိုက်များကိုလည်း
နောက်တစ်ဖန် ငါမအောက်မေ့ဘဲ နေမည်။
ဟု မိန့်တော်မူ၏။ *ယေရမိ ၃၁း၃၄*
၁၈ ထိုအပြစ်များအားလုံး ခွင့်လွှတ်ခြင်း ခံရလျှင်
အပြစ်အတွက် အပြစ်ဖြေရာယဇ်ကိုပူဇော်ရန် မလို
အပ်တော့ပေ။

**ဘုရားသခင်အနားသို့ ချဉ်းကပ်ခြင်း**

၁၉ ထို့ကြောင့် ညီအစ်ကိုမောင်နှမများတို့ ငါ
တို့သည် သန့်ရှင်းသောအရပ်ဌာနတော်ထဲသို့ဝင်
ရန် လွတ်လပ်မှုအပြည့်အဝရှိကြ၏။ ငါတို့သည်
ခရစ်တော်၏အသွေးတော် *(သေခြင်း)* ကြောင့်
ကြောက်ရွံ့ခြင်းမရှိဘဲ ဝင်ရောက်နိုင်ကြပြီ။ ၂၀ ငါတို့
သည် ခရစ်တော်ဖွင့်ပေးသော လမ်းသစ်အားဖြင့်
ဝင်ရောက်နိုင်ကြပြီ။ ထိုလမ်းသည် အသက်ရှင်
သောလမ်းဖြစ်သည်။ ထိုလမ်းသစ်သည် ခရစ်တော်
၏ကိုယ်ခန္ဓာတည်းဟူသော ကန့်လန့်ကာအားဖြင့်
ဖြစ်သည်။ ၂၁ ငါတို့၌ ထာဝရဘုရား၏အိမ်တော်
ကို အုပ်ချုပ်သော ယဇ်ပုရောဟိတ်အကြီးလည်းရှိ
၏။ ၂၂ သူသည် ငါတို့အား သန့်ရှင်းစေပြီး အပြစ်ကို
အောင့်မေ့ခြင်းမှ လွတ်မြောက်စေသည်။ ငါတို့၏
ခန္ဓာကိုယ်ကိုလည်း သန့်ရှင်းသောရေဖြင့် ဆေး
သည်။ ထို့ကြောင့် ဘုရားသခင်ထံတော်သို့ ရိုးသား
ဖြူစင်သောနှလုံးသားနှင့် ယုံကြည်စိတ်ချစွာ ချဉ်း
ကပ်ပါ။ ၂၃ ငါတို့၌ရှိသော မျှော်လင့်ခြင်းအကြောင်း
ကို မြဲမြံစွာစွဲကိုင်ထားရမည်။ ထိုမျှော်လင့်ခြင်းကို
တပါးသူများအား ပြောကြားရန် မမေ့လျော့ကြနှင့်။
ဘုရားသခင်သည် မိမိကတိထားတော်မူသည့် အ
တိုင်းပြုမည်ဟု ငါတို့စိတ်ချ၏။

**အခြားသူများအား ခိုင်ခံ့စေရန် ကူညီခြင်း**

၂၄ ငါတို့သည် အခြားသူများအတွက် စဉ်းစား
ပြီး မည်ကဲ့သို့ကူညီရမည်၊ မည်ကဲ့သို့မေတ္တာပြရ
မည်၊ မည်သို့ ကောင်းသောအမှုကို ပြုရမည်ကို
မြင်တတ်ရမည်။ ၂၅ အချင်းချင်း စည်းဝေးခြင်းကို
မရှောင်မလွှဲကြနှင့်။ အချို့သောသူတို့သည် ရှောင်
လွှဲကြ၏။ သို့သော် ငါတို့သည် စည်းဝေးသည့် အခါ
အချင်းချင်းတစ်ယောက်နှင့် တစ်ယောက် ခွန်အား
ပေးခြင်းကို နေ့ရှိသရွေ့ သာ၍ကြိုးစားလုပ်ဆောင်
ရမည်။ ခရစ်တော်ကြွလာမည့်အချိန်နီးပြီ။

**ခရစ်တော်ထံမှ လှည့်ပြန်မသွားနှင့်**

၂၆ ငါတို့သည် သမ္မာတရားကို ခံယူပြီး
နောက်အပြစ်များကို ဆက်၍ပြုလုပ်နေလျှင် နောက်
တစ်ဖန် အပြစ်ဖြေရန် ယဇ်ပူဇော်နိုင်သော အခွင့်
မရှိ။ ၂၇ ငါတို့သည် အပြစ်များကို ဆက်၍ ကျူး
လွန်နေလျှင် ဘုရားသခင်ကို ဆန့်ကျင်ဘက်ပြု
သောသူများအား ဖျက်ဆီးပစ်သော အမျက်တော်
မီးနှင့် တရားစီရင်ခြင်းကို ကြောက်ရွံ့လျက် စောင့်
ဆိုင်းနေရမည်။ ၂၈ မောရှေ၏ပညတ်တရားကို
ဆန့်ကျင်သောသူများအား ပြစ်မှုကျူးလွန်ကြောင်း
သက်သေနှစ်ဦးသုံးဦးက သက်သေပြနိုင်လျှင်
ထိုသူသည် အပြစ်မလွှတ်ဘဲ အသတ်ခံရသည်။ ၂၉
ထိုသို့ဖြစ်လျှင် ဘုရားသခင်၏သားတော်အား
မုန်းတီးသောသူများကို မည်ကဲ့သို့ပြုသင့်သည်ဟု
ထင်ကြသနည်း။ ထိုသူသည် အပြင်းထန်ဆုံးသော
အပြစ်ဒဏ်ကို ခံစားထိုက်ပေသည်။ အမှန်စင်စစ်
ပဋိညာဉ်တရားသစ်ကို အစပြုသော အသွေးတော်
*(ခရစ်တော်သေခြင်း)* ကို မထီမဲ့မြင်ပြုခြင်းအပြစ်
သည် အဆိုးရွားဆုံးသော ပြစ်ဒဏ်ကို ခံစားထိုက်

ပေးသည်။ ထိုအသွေးတော်သည် ထိုသူအား သန့်
ရှင်းစေသောအသွေးတော်ဖြစ်သည်။ ထို့ကြောင့် ထို
သူသည် ဘုရားသခင်၏ကျေးဇူးတော် *(ကြင်နာသ
နားခြင်း)*ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်အား
ဆန့်ကျင်သည့် သူ၏မုန်းတီးမှုကြောင့် အဆိုးဆုံး
သောပြစ်ဒဏ်ကို ခံရပေမည်။ ၃၀ ဘုရားသခင်
မိန့်တော်မူချက်မှာ “လူတိုင်းကို သူတို့မှားယွင်း
သောအမှုများအတွက် ငါအပြစ်ဒဏ်ခတ်မည်။ တစ်
ဖန် ငါပြန်လည်၍ ဆပ်ပေးမည်။ ငါသည် ငါ၏
လူမျိုးတို့ကို တရားစီရင်မည်”ဟု မိန့်တော်မူသည်။
၃၁ အသက်ရှင်သောဘုရားသခင်၏ လက်တော်သို့
ကျရောက်သော အပြစ်သားများ ခံရမည့်အပြစ်ဒဏ်
သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသည်။

## ရဲရင့်ခြင်းနှင့် ပျော်ရွှင်ခြင်း

၃၂ သမ္မာတရားကို ခံယူခဲ့ပြီးသော နေ့ရက်
အစကို သတိရကြပါ။ သင်တို့သည် ကြီးစွာသော
ဒုက္ခဆင်းရဲခြင်းကို ခံရသည်။ သို့သော် သင်တို့
သည် ခွန်အားနှင့်ပြည့်စုံလျက်ရှိသည်။ ၃၃ တစ်ခါ
တစ်ရံ လူတို့သည် သင်တို့အား မုန်းတီး၍ ဆဲဆို
ကြသည်။ လူများရှေ့တွင် သင်တို့အား ညှဉ်းဆဲ
နှိပ်စက်ကြသည်။ တစ်ခါတစ်ရံ သင်တို့သည်
ညှဉ်းဆဲနှိပ်စက်ခံရသောသူတို့ကို ကူညီမစခဲ့သည်။
၃၄ အမှန်စင်စစ် သင်တို့သည် ထောင်ကျသောသူ
များအား ကူညီ၍ အတူတကွဆင်းရဲခံခြင်း၊ ဥစ္စာ
ဝေမျှခြင်းဖြင့် မစခဲ့သည်။ သင်တို့ပိုင်ဆိုင်သော
အရာများ လုယူခြင်း ခံရသောအခါ၌ပင် သင်တို့
သည် ဝမ်းမြောက်လျက်ရှိသည်။ ထိုသို့ အစဉ်မပြတ်
ဝမ်းမြောက်နိုင်ခြင်း သင်တို့၌ ထိုအရာများ ထက်
သာ၍ကောင်းမွန်သောအရာများကို ရရှိထားသော
ကြောင့်ဖြစ်သည်။
၃၅ ထို့ကြောင့် ယခင်က သင်တို့၌ ရရှိထား
သော ရဲရင့်ခြင်းကို လက်လွှတ်ဆုံးရှုံးမခံနှင့်။ သင်
တို့၏ရဲရင့်ခြင်းအတွက် ကြွယ်ဝသောဆုလာဘ်များ
ကို ရရှိကြလိမ့်မည်။ ၃၆ သင်တို့၌ သည်းခံခြင်းစိတ်
ရှိရမည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ လိုက်
လျှောက်လျှင် ဘုရားသခင် သင်တို့အား ကတိ
ထားတော်မူသည့်အရာကို ရကြလိမ့်မည်။ ၃၇ မကြာ
မမြင့်မီအချိန်တွင်

“ကြွလာမည်ဖြစ်သောသခင်သည်
အမှန်တကယ် ကြွလာတော်မူလိမ့်မည်။
ထိုသခင်သည် နှောင့်နှေးကြန့်ကြာခြင်းမရှိ၊
၃၈ ငါ *(ဘုရားသခင်)*နှင့်မှန်ကန်စွာ
အသက်ရှင်သောသူသည်
အသက်ကိုရလိမ့်မည်။
အကြောင်းမှာ
သူ၏ယုံကြည်ခြင်းကြောင့်ဖြစ်သည်၊
သို့သော် ထိုသူသည်
ကြောက်ရွံ့၍ နောက်သို့ပြန်လှည့်လျှင်
ငါသည် ထိုသူကို အားရခြင်း မရှိ”

*ဟဗက္ကုတ် ၂:၃-၄*

၃၉ သို့သော် ငါတို့သည် နောက်သို့ပြန်လှည့်၍
ဆုံးရှုံးသောသူများမဟုတ်၊ ငါတို့သည် ယုံကြည်ခြင်း
ဖြင့် ကယ်တင်ခြင်းရရှိသောသူများဖြစ်ကြသည်။

## ယုံကြည်ခြင်း

၁၁ ယုံကြည်ခြင်းဆိုသည်မှာ ငါတို့မျှော်လင့်
သောအရာသည် အမှန်ဖြစ်လိမ့်မည်ဟု
သေချာစွာသိမှတ်ခြင်းဖြစ်သည်။ မမြင်ရသောအရာ
ကို အမှန်တကယ်ရှိသည်ဟု သိရခြင်းဖြစ်၏။ ၂ ထို
ကဲ့သို့သော ယုံကြည်ခြင်းမျိုးရှိကြသော ရှေးက လူတို့ကို
ဘုရားသခင်နှစ်သက်တော်မူ၏။
၃ ယုံကြည်ခြင်းသည် လောကကြီးတစ်ခုလုံး
ကို ဘုရားသခင်၏အမိန့်တော်ဖြင့် ဖန်ဆင်းတော်
မူကြောင်း သိနားလည်စေသည်။ ငါတို့မြင်တွေ့
ရသောအရာအားလုံးကို မမြင်တွေ့ရသော အရာက
ဖန်ဆင်းထားခဲ့သည်။
၄ ကာဣနနှင့်အာဗေလတို့သည် ဘုရားသခင်
အား အသီးသီး ယဇ်ပူဇော်ကြ၏။ သို့သော် အာ
ဗေလပူဇော်သောယဇ်သည် ကာဣနပူဇော်သော
ယဇ်ထက် သာ၍ကောင်း၏။ ထိုသို့ဖြစ်ခြင်းမှာ အာ
ဗေလ၌ ယုံကြည်ခြင်းရှိသောကြောင့် ဖြစ်သည်။
ဘုရားသခင်ကလည်း အာဗေလပူဇော်သော ယဇ်
ကို နှစ်သက်သည်ဟု ဆို၏။ ထို့ကြောင့် ဘုရား
သခင်က အာဗေလအား သူတော်ကောင်းဟု သတ်
မှတ်၏။ ထိုသို့သတ်မှတ်ခြင်းမှာ အာဗေလ၌ ယုံ
ကြည်ခြင်းရှိသောကြောင့်ဖြစ်သည်။ အာဗေလသည်
သေဆုံးသွားသော်လည်း သူ၏ ယုံကြည်ခြင်းအား
ဖြင့် စကားပြောလျက်ရှိ၏။
၅ ဧနောက်ကို ဤကမ္ဘာမြေမှ ဘုရားသခင်
ခေါ်ဆောင်သွားသည်။ သူသည် သေခြင်းနှင့်
ကင်းလွတ်၏။ သမ္မာကျမ်းစာတွင် ဘုရားသခင်
ခေါ်ဆောင်မသွားမီ ဧနောက်သည် ဘုရားသခင်
၏စိတ်တော်နှင့် တွေ့သောသူဖြစ်သည်ဟု ဆို၏။
နောက်ပိုင်းတွင် ဧနောက်ကို မတွေ့ရတော့ချေ။

အကြောင်းမှာ ဘုရားသခင်သည် ဧနောက်ကို ခေါ်
ဆောင်သွား၍ဖြစ်သည်။ ဧနောက်သည် ထိုကဲ့သို့ဖြစ်
ရခြင်းမှာ သူ၌ ယုံကြည်ခြင်းရှိသောကြောင့်ဖြစ်သည်။
၆ ယုံကြည်ခြင်း မရှိသောသူသည် ဘုရားသခင်၏
စိတ်တော်နှင့် မတွေ့နိုင်။ ဘုရားသခင်ထံသို့ လာ
သောသူတိုင်းသည် ဘုရားသခင်အမှန်တကယ်
ရှိကြောင်းကိုလည်းကောင်း၊ ဘုရားသခင်ထံသို့ လာ
၍ ကိုယ်တော်ကို အမှန်တကယ်ရှာသောသူတို့ အား
ဆုလာဘ်များကို ပေးတော်မူမည်ဖြစ်ကြောင်း
ကိုလည်းကောင်း ယုံကြည်ရမည်။

၇ ဘုရားသခင်သည် နောအား မမြင်ရသော
အရာများအတွက် သတိပေးခဲ့သည်။ နော၌ ယုံ
ကြည်ခြင်းစိတ်ရှိ၍ ဘုရားသခင်အား ကြောက်ရွံ့၏။
ထို့ကြောင့် နောသည် သူ၏အိမ်သူအိမ်သားများကို
ကယ်တင်ရန် ကြီးမားသောသင်္ဘောကို ဆောက်
လုပ်၏။ မိမိ၏ ယုံကြည်ခြင်းအားဖြင့် နောသည်
ကမ္ဘာမြေကြီးပေါ်တွင် မှားယွင်းမှုများကို ဖော်ပြ
သည်။ ထို့ကြောင့် နောသည် ယုံကြည်ခြင်းဖြင့်
ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောသူဖြစ်၏။

၈ ဘုရားသခင်သည် အာဗြဟံအားခေါ်၍
ပေးမည်ဟု ကတိထားသောအရပ်သို့ သွားစေ၏။
အာဗြဟံသည် သူသွားရမည့်အရပ်ကို မသိ။ သို့သော်
အာဗြဟံသည် ဘုရားသခင်ကို နာခံ၍ခရီးထွက်
ခဲ့သည်။ အကြောင်းမှာ အာဗြဟံ၌ ယုံကြည်ခြင်း
ရှိသောကြောင့်ဖြစ်သည်။ ၉ အာဗြဟံသည် ဘုရား
သခင်က ပေးမည်ဟု ကတိထားသောပြည်တွင်
နေထိုင်၏။ အာဗြဟံသည် ထိုနေရာတွင် ဧည့်သည်
ကဲ့သို့ ဣဇာက်၊ ယာကုပ်တို့နှင့်အတူ တဲတွင်
နေရသည်။ ဣဇာက်နှင့် ယာကုပ်တို့သည်လည်း
ဘုရားသခင်ထံတော်မှ ကတိတော်ကို ခံရသော
သူများဖြစ်သည်။ ၁၀ အာဗြဟံသည် တည်မြဲသော
အုတ်မြစ်၌ ဆောက်သောမြို့ကို စောင့်မျှော်လျက်
နေ၏။ သူသည် ဘုရားသခင်ကိုယ်တိုင် ပြင်ဆင်၍
တည်ဆောက်သောမြို့ကို စောင့် မျှော်လျက်နေ၏။

၁၁ အာဗြဟံသည် အလွန်အိုမင်းနေပြီဖြစ်၍
ကလေးမရနိုင်။ စာရာသည်လည်း ကလေးမမွေး
နိုင်။ သို့သော် အာဗြဟံသည် ဘုရားသခင်ကို ယုံ
ကြည်သောကြောင့် ဘုရားသခင်သည် သူတို့အား
သားကို ပေး၏။ အာဗြဟံကလည်း ဘုရားသခင်
သည် ကတိတော်အတိုင်း ဆောင်ရွက်ပေးနိုင်
သည်ဟု ယုံကြည်ခြင်းရှိသည်။ ၁၂ အာဗြဟံသည်
အလွန်အိုမင်းပြီး သေလုနီးအချိန်သို့ ရောက်နေ
ပြီ၊ သို့သော် သူ၏ဆွေစဉ်မျိုးဆက်တို့သည် *(လူများ)*
ကောင်းကင်ကြယ်များကဲ့သို့လည်းကောင်း၊
သမုဒ္ဒရာကမ်းခြေရှိသဲပွင့်များကဲ့သို့လည်းကောင်း
များပြားလျက်ရှိသည်။

၁၃ ထိုကြီးမြတ်သော သူတို့သည် သေသည့်
တိုင် ယုံကြည်ခြင်းဖြင့် ဆက်လက်၍ အသက်ရှင်
ကြသည်။ ထိုသူတို့သည် မိမိ၏လူမျိုးတို့အတွက်
ဘုရားသခင်ကတိထားတော်မူသောအရာတို့ကို မ
ရရှိခဲ့ကြပေ။ ထိုသူတို့သည် နောင်လာလတ္တံ့သော
အရာများကို မျှော်ကြည့်ပြီး ဝမ်းမြောက်လျက်နေ
ကြသည်။ ထိုသူတို့သည် ကမ္ဘာပေါ်တွင် ငါတို့
သည် ဧည့်သည်အာဂန္တုများသာ ဖြစ်သည်ဟု ဝန်ခံ
ကြသည်။ ၁၄ ထိုကဲ့သို့ ဧည့်သည်ဖြစ်ကြောင်း
ဝန်ခံကြသောကြောင့် ထိုသူတို့သည် အစစ်အမှန်
ဖြစ်သောပြည်ကို ရရှိရန် မျှော်လင့်နေကြသည်။ ၁၅
အကယ်၍ ထိုသူတို့သည် မိမိတို့ထွက်ခွာ လာ
ခဲ့သောပြည်ကို အောက်မေ့လျက်နေလျှင်လည်း
ထိုအရပ်သို့ ပြန်သွားနိုင်ကြသည်။ ၁၆ သို့သော် ထို
သူတို့သည် သာ၍မြတ်သောနိုင်ငံကို မျှော်လင့်
လျက်နေကြသည်။ ထိုပြည်သည် ကောင်းကင်ရွှေ
ပြည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့
၏ဘုရားဟု ဆိုခြင်းကို ရှက်တော်မမူ။ ထိုသူတို့
အတွက် မြို့တစ်မြို့ကို အသင့်ပြင်ဆင်တော်မူ၏။

၁၇-၁၈ ဘုရားသခင်သည် အာဗြဟံ၏ ယုံကြည်
ခြင်းကို စမ်းသပ်တော်မူသည်။ ဘုရားသခင်က
ဣဇာက်အား ယဇ်ကောင်အဖြစ် ပူဇော်ရန် တောင်း
ဆိုသည်။ အာဗြဟံသည် နားထောင်လေသည်။ အ
ကြောင်းမှာ ယုံကြည်ခြင်းရှိသောကြောင့်ဖြစ်သည်။
အာဗြဟံသည် ဣဇာက်အားဖြင့် သင်၏အမျိုးအနွယ်
တိုးပွားလိမ့်မည်ဟု ဘုရားသခင်ထံမှ ကတိတော်
ကို ရခဲ့ပြီးဖြစ်သည်။ သို့သော် အာဗြဟံသည် သူ၏
တစ်ဦးတည်းသော သား *(ဣဇာက်)*ကို ပူဇော်ရန်
အသင့်ရှိနေသည်။ အာဗြဟံ ထိုသို့ပြုလုပ်ရခြင်းမှာ
သူ၏ ယုံကြည်ခြင်း ကြောင့်ဖြစ်သည်။ ၁၉ အာဗြဟံ
က ဘုရားသခင်သည် သေသောသူကို သေခြင်းမှ
ထမြောက်စေနိုင်သည်ကို ယုံကြည်သည်။ အမှန်
စင်စစ် ဘုရားသခင်သည် ဣဇာက်အား သတ်ရန်
ဆီးတားတော်မူသောအခါ အာဗြဟံသည် ဣဇာက်
အား သေခြင်းမှ ပြန်လည်ရရှိသကဲ့သို့ဖြစ်သည်။

၂၀ ဣဇာက်သည် ယာကုပ်နှင့် ဧသောအား
နောင်လာမည့်အချိန်များအတွက် ကောင်းချီးပေး
သည်။ ထိုကဲ့သို့ပြုလုပ်ရခြင်းမှာ ဣဇာက်၌ ယုံကြည်

ခြင်းရှိသောကြောင့်ဖြစ်သည်။ ၂၁ ယာကုပ်သည်
သေလုနီးပါးအချိန်တွင် ယောသပ်၏သားနှစ်ယောက်
ကို ကောင်းချီးပေးသည်။ ယာကုပ်သည် သူ၏
တောင်ဝှေးကို မှီလျက် ဘုရားသခင်အား ဝတ်ပြု
ကိုးကွယ်၏။ ထိုသို့ပြုရခြင်းမှာ ယာကုပ်၌ ယုံကြည်
ခြင်းရှိသောကြောင့်ဖြစ်သည်။
၂၂ ယောသပ်သည် သေလုနီးပါးအချိန်တွင်
ဣသရေလ*(ဂျူး)*လူမျိုးများ အီဂျစ်ပြည်မှ ထွက်
ခွာလာခြင်းအကြောင်းကို ပြောဆိုသည်။ ထိုနောက်
သူ၏ကိုယ်ခန္ဓာကို မည်ကဲ့သို့ ပြုရမည်ကို မှာကြား
ခဲ့သည်။ ထိုကဲ့သို့ပြောဆိုခြင်းမှာ ယောသပ်၌
ယုံကြည်ခြင်းစိတ်ရှိသောကြောင့်ဖြစ်သည်။
၂၃ မောရှေ၏ မိဘတို့သည် မောရှေမွေးဖွား
ပြီးနောက် သုံးလဝှက်ထားသည်။ ထိုကဲ့သို့ ပြုခြင်း
မှာ ယုံကြည်ခြင်းစိတ် ရှိသောကြောင့်ဖြစ်သည်။
မောရှေသည် လှပသောကလေးဖြစ်ကြောင်းကို မိဘ
တို့သိမြင်ကြသည်။ ထိုကြောင့် သူတို့သည် ရှင်
ဘုရင်*(ဖာရော)*ကို မကြောက်။ အမိန့်ကို မနာခံဘဲ
နေကြ၏။
၂၄ မောရှေသည် အရွယ်ရောက်လာသည့်အ
ခါ ဖာရောဘုရင်၏သားဟု ခေါ်ဝေါ်ခြင်းကို ငြင်း
ပယ်သည်။ ၂၅ မောရှေသည် တခဏသာခံ၍ပျောက်
ကွယ်သွားတတ်သော အပြစ်၌ပျော်မွေ့ခြင်းကို မရွေး
ချယ်ခဲ့။ မောရှေသည် ဘုရားသခင်၏ လူများနှင့်
အတူ ဒုက္ခဆင်းရဲခြင်းခံရန် ရွေးချယ်ခဲ့သည်။ ထို
ကဲ့သို့ပြုရခြင်းမှာ မောရှေ၌ ယုံကြည်ခြင်းရှိသော
ကြောင့်ဖြစ်သည်။ ၂၆ မောရှေသည် ခရစ်တော်
အတွက် ဆင်းရဲဒုက္ခခံရခြင်းသည် အီဂျစ်ပြည်၌ရှိ
သော စည်းစိမ်ဥစ္စာများထက် သာ၍မြတ်သည်ဟု
မှတ်ယူသည်။ မောရှေသည် ဘုရားသခင်ထံမှ ရရှိ
မည့် ဆုလာဘ်များကိုသာ မျှော်လင့်လျက်နေသည်။
၂၇ မောရှေသည် အီဂျစ်ပြည်မှ ထွက်ခွာလာသည်။
ထိုသို့ထွက်လာရသည့်အကြောင်းမှာ ယုံကြည်ခြင်း
ရှိသောကြောင့်ဖြစ်သည်။ မောရှေသည် ရှင်ဘုရင်
*(ဖာရော)*၏အမျက်ကို ကြောက်ရွံ့ခြင်း မရှိ။ မော
ရှေသည် ခွန်အားနှင့်ပြည့်စုံပြီး မည်သူမျှ မမြင်ရ
သော ဘုရားသခင်ကို မိမိကိုယ်တိုင်မြင်ရသကဲ့
သို့ ရဲရင့်ခြင်းရှိ၏။ ၂၈ မောရှေသည် ပသခါပွဲကို
ပြင်ဆင်ပြီး တံခါးများပေါ်တွင် အသွေးကို ဖြန်း၏။
တံခါးများတွင် အသွေးကိုဖြန်းရခြင်းမှာ သေခြင်း
နှင့်ဆိုင်သော ကောင်းကင်တမန်က ဣသရေလ
တို့၏သားဦးများကို မသတ်စေလိုသောကြောင့်ဖြစ်
သည်။ ထိုကဲ့သို့ပြုရခြင်းမှာ မောရှေ၌ ယုံကြည်ခြင်း
စိတ်ရှိသောကြောင့်ဖြစ်သည်။
၂၉ မောရှေနောက်သို့ လိုက်ကြသော ဣသ
ရေလလူမျိုးအပေါင်းတို့သည် ခြောက်သွေ့သော
မြေပြင်၌ လျှောက်သွားသကဲ့သို့ ပင်လယ်ထဲ၌
လျှောက်သွားကြသည်။ ထိုကဲ့သို့ပြုလုပ်နိုင်ကြခြင်း
မှာ သူတို့၌ ယုံကြည်ခြင်းစိတ်ရှိသောကြောင့်ဖြစ်
သည်။ အီဂျစ်လူတို့သည် ပင်လယ်အလယ်မှ ဖြတ်
သွားရန် ကြိုးစားသော်လည်း အားလုံးနစ်မြုပ်သွား
ကြသည်။
၃၀ ယေရိခေါမြို့ရိုး ပြိုလဲရခြင်းသည် ဘုရား
သခင် လူတို့၏ ယုံကြည်ခြင်းကြောင့်ဖြစ်သည်။ လူ
အပေါင်းတို့သည် မြို့ရိုးပတ်လည်၌ ခုနစ်ရက်
တိတိလှည့်ပြီးနောက် မြို့ရိုးသည် ပြိုလဲလေ၏။
၃၁ ပြည့်တန်ဆာရာခပ်သည် ဣသရေလသူလျှို
တို့အား မိတ်ဆွေကဲ့သို့ လက်ခံ၍ ကူညီခဲ့သည်။
ထိုသို့ ရာခပ်၌ယုံကြည်ခြင်းစိတ်ရှိခြင်းကြောင့် နာခံ
ရန် ငြင်းဆန်သောသူများနှင့်အတူ သတ်ဖြတ်ခြင်း
မခံရပေ။
၃၂ သင်တို့အားများစွာသော ဥပမာများကို
ပေးရန် လုံလောက်သောအချိန်မရှိ၍ ဂိဒေါင်၊ ဗာ
ရက်၊ ရှံဆုံ၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလနှင့် ပရော
ဖက်များအကြောင်းကို မပြောတော့ပါ။ ၃၃ ထိုသူ
တို့သည် ကြီးမားသော ယုံကြည်ခြင်းရှိကြ၏။ ထို
ယုံကြည်ခြင်းအားဖြင့် တိုင်းနိုင်ငံများကို အောင်
မြင်ခဲ့သည်။ သူတို့သည် မှန်ကန်စွာအသက်ရှင်
၍ ဘုရားသခင်ကတိထားသော အရာများကို ရ
ကြသည်။ သူတို့၏ယုံကြည်ခြင်းကြောင့် ခြင်္သေ့၏
နှုတ်ကို ပိတ်နိုင်သည်။ ၃၄ အချို့တို့သည် မီးတောက်
မီးလျှံများကို ငြိမ်းစေသည်။ အချို့တို့သည် ဓား
ဘေးဖြင့် သေခြင်းမှ လွတ်ကြ၏။ ထိုအမှုများပြု
လုပ်နိုင်ခြင်းသည် ယုံကြည်ခြင်းကြောင့်ဖြစ်သည်။
အားနည်းချည့်နဲ့သောသူတို့သည် မိမိတို့၏ ယုံ
ကြည်ခြင်းကြောင့် ခွန်အားနှင့်ပြည့်ကြ၏။ စစ်ပွဲများ
တွင် တန်ခိုးစွမ်းအင်များတိုးပွားပြီး ရန်သူများကို
အောင်နိုင်ကြသည်။ ၃၅ မိခင်တစ်ချို့၏ သားတို့
သည် သေပြီးမှ အသက်ပြန်ရှင်ကြသည်။ အချို့
သောသူတို့သည် ညှဉ်းပမ်းနှိပ်စက်ခံရခြင်းမှ မ
လွတ်မြောက်လိုကြ။ အဘယ်ကြောင့်ဆိုသော် သူ
တို့သည် သေခြင်းမှရှင်ပြန်ထမြောက်ပြီး သာ၍
မြတ်သောအသက်ကို လိုချင်ကြသည်။ ၃၆ အချို့
သောသူတို့သည် လှောင်ပြောင်ခြင်း၊ ရိုက်နှက်ခြင်း

ကို ခံရကြသည်။ အချို့တို့သည် ချည်နှောင်ခြင်း
ထောင်ထဲ၌ ချုပ်ထားခြင်းကို ခံခဲ့ရသည်။ [37] အချို့
တို့သည် ခဲနှင့်ပေါက်သတ်ခြင်း၊ လွှနှင့်ပိုင်းဖြတ်
ခြင်းကို ခံကြရသည်။ သူတို့သည် ဓားဖြင့် ခုတ်
ဖြတ်ခြင်းလည်း ခံကြရသည်။ အချို့တို့သည် သိုး
သားရေ၊ ဆိတ်သားရေကို ဝတ်ဆင်ကြရသည်။
သူတို့သည် ဆင်းရဲခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊
ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်းများကို ခံ
ရကြသည်။ [38] ဤလောကသည် ထိုကြီးမြတ်သော
သူတို့နှင့် မထိုက်မတန်ပါ။ ထိုသူတို့သည် တော
တောင်ကန္တာရများတွင် လှည့်လည်သွားလာကြရ
သည်။ သူတို့သည် လိုဏ်ဂူနှင့် မြေတွင်းများထဲ၌
နေထိုင်ကြရသည်။

[39] ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းကြောင့်
ထင်ရှားကျော်ကြားကြသည်။ သို့သော် ထိုသူတို့
သည် ဘုရားသခင်၏ကြီးမြတ်သောကတိတော်ကို
မခံစားခဲ့ရချေ။ [40] ဘုရားသခင်သည် သာ၍ကောင်း
မွန်သောအရာကို ငါတို့အား ပေးရန် အကြံအစည်
ရှိသည်။ ထိုသူအပေါင်းတို့သည် ငါတို့နှင့်အတူ
ပြည့်စုံသော ကျေးဇူးတော်ကို ခံစားကြရမည်ဖြစ်
သည်။

## ခရစ်တော်၏ ပုံသက်သေကို လိုက်လျှောက်ခြင်း

၁၂ ငါတို့၏ ပတ်ဝန်းကျင်၌ ယုံကြည်ခြင်းရှိ
သောသူများစွာရှိ၏။ သူတို့၏အသက်တာ
၌ ယုံကြည်ခြင်း၏အဓိပ္ပာယ်ကို တွေ့ရသည်။ ငါတို့
သည်လည်း ထိုကဲ့သို့ဖြစ်ရမည်။ ငါတို့သည် ငါတို့
၏ရှေ့၌ရှိသော ပြိုင်ပွဲတွင် မရပ်မနားကြိုးစား၍ ပြေး
ရမည်။ ငါတို့အား ရပ်တန့်စေမည့်အရာအားလုံး
ကို အသက်တာမှ ဖယ်ရှားပစ်ရမည်။ ငါတို့ကို
နှောင့်ယှက်နေသော အပြစ်ဒုစရိုက်များကိုလည်း
ဖယ်ရှားပစ်ရမည်။ [2] ငါတို့သည် အစဉ်အမြဲယေရှု
၏ပုံသက်သေအတိုင်း လိုက်လျှောက်ရမည်။ ခရစ်
တော်သည် ငါတို့၏ ယုံကြည်ခြင်း၌ ခေါင်းဆောင်
ဖြစ်သည်။ ငါတို့၏ ယုံကြည်ခြင်းကို ပြည့်စုံစေသော
သူဖြစ်သည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင်
သေခြင်းဝေဒနာကို ခံယူတော်မူသည်။ ခရစ်တော်
သည် လက်ဝါးကပ်တိုင်၏ ရှက်ဖွယ်ကောင်းခြင်း
ကို ခံယူတော်မူသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဘုရား
သခင်သည် သူ၏ရှေ့၌ဝမ်းမြောက်ခြင်းကို ထား
တော်မူသောကြောင့်ဖြစ်သည်။ ယခုတွင် သူသည်
ဘုရားသခင်ပလ္လင်တော်၏လက်ယာဘက်တွင် စိုးစံ
တော်မူ၏။ [3] မိမိအား ဆန့်ကျင်ဘက်ပြုသောအပြစ်
သားကို သည်းခံတော်မူသော ယေရှုခရစ်တော်
အကြောင်းကို ဆင်ခြင်ကြပါ။ သင်တို့သည်လည်း
ထိုကဲ့သို့ သည်းခံလျက် အစဉ်သဖြင့် ကြိုးစားအား
ထုတ်ရမည်။

## ဘုရားသခင်သည် ဖခင်ကဲ့သို့ဖြစ်ခြင်း

[4] သင်တို့သည် အပြစ်နှင့် ဆန့်ကျင်တိုက်
လှန် နေရသည်။ သို့သော်လည်း ထိုသို့တိုက်လှန်
ရာတွင် သေလောင်အောင် မခံရသေး။ [5] သင်တို့
သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်။
ဘုရားသခင်သည်သင်တို့အား နှစ်သိမ့်စကားပြော
နေသည်ကို သင်သည် မေ့လျော့နေကြသည်။

"ငါ့သား၊ ဘုရားသခင်သည်
သင့်ကို ဆုံးမသောအခါ
ဂရုမစိုက်ဘဲ မနေနှင့်၊
ဘုရားသခင်သည်
သင့်ကို ပဲ့ပြင်ပေးသောအခါ
စိတ်မပျက်နှင့်၊
[6] ဘုရားသခင်သည်
မိမိချစ်မြတ်နိုးသူတို့ကို
ဆုံးမတော်မူသည်၊
သူ၏သားအဖြစ်လက်ခံသော
သူတို့ကို အပြစ်ပေးတော်မူ၏"

*သုတ္တံ၊ ၃း၁၁-၁၂*

[7] ဆင်းရဲဒုက္ခကို ခံရစဉ်တွင် ဘုရားသခင်၏
ဒဏ်ခတ်ခြင်းကဲ့သို့ ခံယူပါ။ ဘုရားသခင်က မိမိ
၏သားသမီးများကိုဆုံးမ၍ အပြစ်ပေးတော်မူသည်။
သားသမီးများသည် သူတို့ဖခင်၏ ဆုံးမခြင်းကို ခံ
ရကြသည်။ [8] သင်သည် တစ်ခါမျှ ဆုံးမခြင်း မခံရ
လျှင်*(သားမှန်လျှင် အပြစ်ပေးခံရသည်)* သင်တို့
သည်သားသမီးအရင်းမဟုတ်ကြချေ။ [9] ဤလောက
၌ရှိသော ငါတို့အားလုံး၏ ဖခင်တို့သည် ငါတို့အား
ဆုံးမအပြစ်ပေးတတ်ကြ၏။ ငါတို့သည် ငါတို့၏
ဖခင်များကို ရိုသေလေးစားကြသည်။ ထိုနည်းတူ
ငါတို့သည်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော
ငါတို့ဖခင်၏ဆုံးမအပြစ်ပေးခြင်းကိုသာ၍ခံယူရန်
အရေးကြီးပေသည်။ ထိုကဲ့သို့ဖြစ်လျှင် ငါတို့သည်
အသက်ကိုရကြလိမ့်မည်။ [10] မြေကြီးပေါ်၌ ရှိသော
ငါတို့၏အဖသည် ခဏသာဒဏ်ခတ်သည်။ သူတို့
သည်အကောင်းဆုံးဖြစ်ရန်အတွက်ဆုံးမကြသည်။
ဘုရားသခင်၏ ဆုံးမခြင်းသည် ငါတို့ကို ကူမရန်
ဖြစ်သည်။ ထိုအခါ ငါတို့သည်လည်း ကိုယ်တော်

ကဲ့သို့ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြလိမ့်မည်။
၁၁ အပြစ်ပေးခြင်းခံရသည့်အခါ ငါတို့ မနှစ်သက်
ကြပါ။ အပြစ်ပေးခြင်းခံရစဉ်တွင်နာကျင်မှုရှိသော်
လည်း ခံရပြီးသောအခါ ငါတို့သည် ငြိမ်သက်ခြင်း
ကို ရရှိကြသည်။ အကြောင်းမှာ ငါတို့သည် ဖြောင့်
မတ်စွာအသက်ရှင်သောကြောင့်ဖြစ်သည်။

**မိမိအသက်ရှင်မှု၌ သတိပြုခြင်း**

၁၂ သင်တို့သည် အားနည်းလာကြသည်။ ထို
ကြောင့် ကိုယ်ကိုယ်ကို ခွန်အားနှင့် ပြန်ပြည့်စေပါ။
၁၃ မှန်သောလမ်းတွင်လျှောက်*(အသက်ရှင်)*ကြပါ။
ထိုသို့ပြုလျှင် ဘေးကင်းလုံခြုံရလိမ့်မည်။ သင်တို့
၏ အားနည်းခြင်းကြောင့် ပျောက်ဆုံးခြင်းမှ လွတ်
ကင်းရကြမည်။

၁၄ လူအပေါင်းတို့နှင့် သင့်တင့်အောင် ကြိုး
စား၍ နေထိုင်ကြပါ။ အပြစ်ဒုစရိုက်နှင့် ကင်းလွတ်
အောင် ကြိုးစား၍ အသက်ရှင်ကြပါ။ သန့်ရှင်းစင်
ကြယ်စွာ အသက်မရှင်သောသူသည် ဘုရားသခင်
ကိုမည်သည့်အခါမျှ မတွေ့မမြင်ရ။ ၁၅ ဘုရားသခင်
၏ကျေးဇူးတော် *(ကြင်နာမှု)*ကို အဆုံးအရှုံး မခံရ
အောင် သတိပြုကြပါ။ သင်တို့ထဲတွင် မည်သူမျှ
ခါးသောမြက်ပင်ပေါက်သကဲ့သို့ မဖြစ်စေရန် သတိ
ပြုကြပါ။ ထိုသို့သောသူသည် လူတစ်စုလုံးကို ဖျက်
ဆီးပစ်နိုင်သည်။ ၁၆ မည်သူတစ်ဦးတစ်ယောက်မျှ
မတရားသောမေထုန် မပြုမိစေရန် သတိပြုပါ။ ဧ
သောကဲ့သို့ ဘုရားသခင်ကိုသတိမရသောသူ မဖြစ်
ရန်သတိပြုပါ။ ဧသောသည် သားဦးဖြစ်၍ သူ၏ဖခင်
ထံမှ အမွေအားလုံးကို ရရှိနိုင်သည်။ သို့သော် ဧ
သောသည် ထိုအရာအားလုံးကို အစာတစ်ခွက်နှင့်
လဲလိုက်သည်။ ၁၇ သင်တို့ သတိပြုပါ။ ဧသောသည်
ထိုကဲ့သို့ ပြုပြီးနောက် သူ၏ဖခင်ထံမှ ကောင်းချီး
မင်္ဂလာကို ခံယူလိုသည်။ ဧသောသည်ထိုကောင်းချီး
မင်္ဂလာကို အလွန်လိုချင်သောကြောင့် အော်ဟစ်
တောင်းခံသည်။ သို့သော် သူ၏ဖခင်က ထိုကောင်း
ချီးကိုပေးရန်ငြင်းပယ်ခဲ့သည်။ အကြောင်းမှာဧသော
၌ မိမိပြုမိခဲ့သောအရာများကို ပြန်လည်ပြုပြင်နိုင်
ရန် နည်းလမ်းမရှိတော့ချေ။

၁၈ သင်တို့သည် နေရာသစ်သို့ ရောက်ရှိလာ
သည်။ ထိုနေရာသည် ဣသရေလလူမျိုးများ
ရောက်ရှိနေသော တောင်ကဲ့သို့သောနေရာမျိုး မ
ဟုတ်။ သင်တို့သည် တို့ထိ၍ရသောတောင်၊ မီး
လောင်ကျွမ်းနိုင်သောတောင်ကဲ့သို့သောနေရာတွင်
ရောက်ရှိနေသည် မဟုတ်၊ သင်တို့သည် မှောင်
မိုက်သောအရပ်၊ ဝမ်းနည်းကြေကွဲဖွယ်သောအရပ်
မုန်တိုင်းထန်သောအရပ်သို့ ရောက်လာသည် မ
ဟုတ်။ ၁၉ ထိုနေရာတွင် တံပိုး မှုတ်သံ၊ စကားပြော
သံကို ထိုသူတို့ကဲ့သို့ *မကြားကြရ*။ ရှေးလူတို့သည်
ထိုအသံကို ကြားသောအခါ နောက်တစ်ဖန် မကြား
လို တောင်းပန်ကြ၏။ ၂၀ သူတို့သည် အမိန့်သံကို
မကြားလိုကြ။ အကယ်၍ တိရစ္ဆာန်သည်ပင် တောင်
ကို ထိမိခဲ့လျှင် ခဲနှင့်ပေါက်သတ်ရသည်။ ၂၁ ထိုသူ
တို့ မြင်တွေ့ရသောအရာသည် "အလွန်ကြောက်
မက်ဖွယ်ကောင်းသည်"ဟု မောရှေက ကြောက်ရွံ့
တုန်လှုပ်လျက်ပြော၏။

၂၂ သို့သော် သင်သည် ထိုသို့သော နေရာသို့
မလာရ။ ယခု သင်တို့ရောက်နေသော နေရာသစ်
သည်အသက်ရှင်သောဘုရားသခင်၏ကောင်းကင်
ယေရုရှလင်မြို့သစ်ဖြစ်သည်။ ထိုနေရာတွင် ကောင်း
ကင်တမန် ထောင်သောင်းမက ဝမ်းမြောက်ပျော်
ရွှင်ခြင်းနှင့်စုဝေးလျက်နေကြသည်။ ၂၃ ဘုရားသခင်
၏ သားဦးအပေါင်းတို့ စည်းဝေးရာနေရာဖြစ်သည်။
သူတို့၏ အမည်များကို ကောင်းကင်စာရင်းတွင်
ရေးသွင်းထားသည်။ လူအပေါင်းတို့ကို တရားစီရင်
တော်မူသော ဘုရားသခင်ထံတော်သို့ ရောက်လာ
ကြသည်။ ပြည့်စုံခြင်းသို့ရောက်ရှိကြသော သူတော်
ကောင်းတို့၏ ဝိညာဉ်စုဝေးရာအရပ်သို့ ရောက်ရှိ
နေခြင်းဖြစ်သည်။ ၂၄ လူအပေါင်းတို့ထံသို့ ဘုရား
သခင်၏ ပဋိညာဉ်တရားသစ်ကိုယူဆောင်လာသော
ခရစ်တော်ထံသို့ ရောက်ရှိနေခြင်းဖြစ်သည်။
သင်တို့သည် အာဗေလ၏အသွေးထက် သာ၍မြတ်
သောအကြောင်းကို ပြောပြသည့် ပက်ဖျန်းသော
အသွေးတော်ထံသို့ ရောက်ရှိနေကြ ခြင်းဖြစ်သည်။

၂၅ ဘုရားသခင်မိန့်တော်မူသံကို နားထောင်
ပြီး မငြင်းပယ်မိရန် သတိပြုပါ။ ထိုသူများတို့သည်
*(ဣသရေလ)* မြေကြီးပေါ်၌ ဘုရားသခင်သတိ
ပေးချက်ကို နားထောင်ရန် ငြင်းဆန်ကြသည်။ ထို
သူတို့သည် လွတ်ခြင်းအခွင့်ကို မရကြ။ ယခုတွင်
ဘုရားသခင်သည် ကောင်းကင်ဘုံ၌ မိန့်တော်မူ
၏။ ထိုကြောင့် ဘုရားသခင်အား နားထောင်ရန်
ငြင်းဆန်သောသူတို့သည် အဆိုးဝါးဆုံးသောအရာ
ကို ရရှိကြလိမ့်မည်။ ၂၆ ခရစ်တော်၏အသံသည်
မြေကြီးကို တုန်လှုပ်စေသည်။ သို့သော် ယခုသူက
"နောက်တစ်ဖန် ကောင်းကင်ကို ထိုထက်မက
တုန်လှုပ်စေမည်" ဟု ကတိထားတော်မူသည်။
၂၇ တစ်ဖန် နှုတ်ကပတ်တော်အသံမှာ ဖန်ဆင်းထား

သမျှသောအရာအားလုံးကို ဖျက်ဆီးမည်။ လှုပ်ရှား
သောအရာမှန်သမျှတို့သည် ပျက်စီးလိမ့်မည်။ တည်
မြဲသောအရာများသာဆက်လက်တည်ရှိနေလိမ့်မည်။
၂၈ ထို့ကြောင့် ငါတို့သည် ကျေးဇူးတော်ကို
ချီးမွမ်းလျက်နေကြရမည်။ အဘယ်ကြောင့်ဆိုသော်
ငါတို့သည် တည်မြဲသောနိုင်ငံကို ရရှိထားကြ၏။ ငါ
တို့သည်ဘုရားသခင်ကိုအလိုတော်နှင့်အညီဝတ်ပြု
ကိုးကွယ်ကြရမည်။ ငါတို့သည် ကြောက်ရွံ့ရိုသေ
ခြင်း နှင့် ဝတ်ပြုကိုးကွယ် ကြရမည်။ ၂၉ အကြောင်းမူ
ကား ငါတို့၏ ဘုရားသခင်သည် ဖျက်ဆီးနိုင်သော
လောင်သောမီးတောက်နှင့်တူ၏။

၁၃ သင်တို့သည် ခရစ်တော်အားဖြင့် ညီအစ်
ကိုမောင်နှမများဖြစ်ကြ၏။ ထို့ကြောင့် အ
ချင်းချင်း တစ်ယောက်ကို တစ် ယောက်ချစ်ကြပါ။
၂ သင်တို့၏အိမ်တွင်ဧည့်သည်များကိုလက်ခံ၍ကူ
ညီရန် မမေ့လျော့နှင့်။ လူအချို့တို့သည် ထိုကဲ့သို့
ပြုခြင်းအားဖြင့် အမှတ်မထင် ကောင်းကင်တမန်
များကို ပြုစုမိကြသည်။ ၃ ထောင်ထဲ၌ ရှိသောသူ
များကို မမေ့လျော့ကြနှင့်။ သူတို့နှင့် ဒုက္ခဆင်းရဲ
ခံရသူများကိုလည်း သတိရကြပါ။ သင်တို့သည်
သူတို့နှင့်အတူ ဒုက္ခခံရဘိသကဲ့သို့ သတိရပါ။
၄ လက်ထပ်ထိမ်းမြားခြင်းအမှု၌ အသရေရှိ
စေပါ။ လက်ထပ်ထိမ်းမြားခြင်းပြုသူ နှစ်ဦးတို့၏
စပ်ကြားတွင် ဖြူစင်သန့်ရှင်းခြင်းရှိပါစေ။ မတရား
သောမေထုန်နှင့် မှားယွင်းသော ကာမဆက်ဆံမှု
ပြုသောသူအား ဘုရားသခင် စီရင်တော်မူမည်။
၅ သင်၏အသက်တာတွင် ငွေကို တပ်မက်ခြင်းနှင့်
ကင်းလွတ်စေပါ။ သင်၌ရှိသော ဥစ္စာပစ္စည်းများနှင့်
ရောင့်ရဲတင်းတိမ်ပါ။

ထာဝရဘုရားက
"ငါသည် သင့်ကို ချန်၍မထား၊
သင့်ထံမှအဘယ်သောအခါမျှ
ထွက်၍မသွား"
ဟု မိန့်တော်မူ၏။ *တရား ၃၁း၆*
၆ ထို့ကြောင့် ငါတို့သည် အသေအချာ ပြောနိုင်ကြ
သည်မှာ
"ထာဝရဘုရားသည်
ငါကို ကူညီမစသူဖြစ်၏။
ငါသည် ကြောက်ရွံ့ခြင်းမရှိစေရ၊
လူတို့သည် ငါ့အား အဘယ်သို့မျှ မပြုနိုင်"
ဟူ၍ဖြစ်၏။ *ဆာလံ ၁၁၈း၆*
၇ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို
သင်ကြားပေးနေသော သင်တို့၏ခေါင်းဆောင်များ
ကို သတိရကြပါ။ သူတို့မည်ကဲ့သို့ အသက်ရှင်ကြ
သည် သေဆုံးကြသည်ကို သတိပြုပါ။ သူတို့၏ ယုံ
ကြည်ခြင်းကို အတုယူကြပါ။ ၈ ခရစ်တော်သည်
မနေ့၊ ယနေ့နှင့် ကာလအစဉ်မပြောင်းမလဲ တည်
နေတော်မူ၏။
၉ အထူးထူးအပြားပြားသော သြဝါဒသစ်များ
ဖြင့် သင်တို့အား မှားယွင်းသောလမ်းသို့ မပို့ဆောင်
စေနှင့်။ ဘုရားသခင်၏ကျေးဇူးတော် *(ကြင်နာခြင်း)*
အားဖြင့် သင်တို့၏စိတ်နှလုံးကို ခိုင်ခံ့ခြင်းရှိစေပါ။
အစားအသောက်နှင့်ဆိုင်သော ပညတ်ချက်များ
အားဖြင့် လူတို့အတွက် အကျိုးမပေးနိုင်သောအရာ
ကို အမှုမထားကြနှင့်။
၁၀ ငါတို့တွင် ယဇ်ပူဇော်ခြင်းရှိ၏။ သန့်ရှင်း
သောတဲတော်တွင် အမှုတော်ဆောင်ရွက်သော
ယဇ်ပုရောဟိတ်တို့သည် ငါတို့နှင့်အတူစားသောက်
ရသောအခွင့်မရှိ။ ၁၁ ယဇ်ပုရောဟိတ်မင်းကြီးသည်
တိရစ္ဆာန်၏အသွေးကို အသန့်ရှင်းဆုံးနေရာသို့ ယူ
ဆောင်သွားသည်။ သူသည် အပြစ်အတွက် ထိုအ
သွေးကို ပူဇော်ဆက်သသည်။ သို့သော် ထိုယဇ်
ကောင်ကို တပ်စခန်း၏ အပြင်ဘက်တွင် မီးရှို့ပစ်
ရသည်။ ၁၂ ထိုနည်းတူ ခရစ်တော်သည် မြို့ပြင်တွင်
နှိပ်စက်ညှဉ်းဆဲခြင်း ခံရသည်။ ခရစ်တော်သည်
မိမိအသွေးအားဖြင့် *(သေခြင်း)*မိမိ၏ လူမျိုးတို့
ကို သန့် ရှင်းစေသည်။ ၁၃ ထို့ကြောင့် ငါတို့သည်
ခရစ်တော်ရှိရာ တပ်ပြင်သို့ သွားကြရမည်။ ခရစ်
တော်ခံရသော ရှက်ကြောက်ဖွယ်ရာများကို ငါတို့
ခံယူရမည်။ ၁၄ ဤကမ္ဘာမြေပေါ်တွင် ထာဝရတည်
မြဲသော မြို့မရှိ။ သို့သော် နောင်ရရှိမည့်မြို့ကို စောင့်
မျှော်လျက်နေကြသည်။ ၁၅ ထို့ကြောင့် ခရစ်တော်
အားဖြင့် ငါတို့ ပူဇော်သက္ကာကို ဘုရားသခင်အား
အစဉ်ပူဇော်ကြ ရမည်။ ထိုပူဇော်သက္ကာမှာ ငါတို့၏
နှုတ်မှ ထွက်ပေါ်လာသော ကိုယ်တော်၏နာမတော်
ကို ချီးမွမ်းခြင်းဖြစ်သည်။ ၁၆ သူတစ်ပါးကိုကောင်း
ကျိုးပြုရန် မမေ့လျော့ကြနှင့်။ အခြားသူများအား
ဥစ္စာ ဝေမျှကြပါ။ ထိုအရာများသည် ဘုရားသခင်
နှစ်သက်တော်မူသော ယဇ်ဖြစ်သည်။
၁၇ သင်တို့သည် ခေါင်းဆောင်တို့၏စကားကို
နားထောင်ပြီး သူ၏အုပ်ချုပ်မှု အောက်တွင်နေကြ
ပါ။ သူတို့သည် သင်တို့အတွက် တာဝန်ယူဆောင်
ရွက်ပေးသူဖြစ်သည်။ ထို့ကြောင့် သင်တို့၏ ခေါင်း
ဆောင်တို့သည် သင်တို့ကို ကာကွယ်ပေးရန်

စောင့်နေကြသူများဖြစ်ကြသည်။ ထိုသူတို့၏စကား
ကို နာခံကြပါ။ ထိုသို့သောအားဖြင့် ဝမ်းနည်းခြင်း
မရှိဘဲ ရွှင်လန်းသောစိတ်နှင့် ဆောင်ရွက်ကြလိမ့်
မည်။ သူတို့အား စိတ်ပင်ပန်းစေလျှင် သင်တို့
အတွက် အကျိုးရှိမည် မဟုတ်။

၁၈ ငါတို့အတွက် ဆက်လက်၍ ဆုတောင်း
ပေးကြပါ။ ငါတို့သည် မှန်သောအရာကိုလုပ်ဆောင်
နေကြောင်း သိကြသည်။ အကြောင်းမှာ ငါတို့သည်
အကောင်းဆုံးသောအရာများကိုသာ အစဉ်ကြိုးစား
၍ လုပ်ဆောင်ကြသည်။ ၁၉ ဘုရားသခင်သည်
သင်တို့ထံသို့ ငါ့အား မကြာမီ တစ်ဖန် ပြန်လည်ပို့
ဆောင်ပေးမည်အကြောင်း ဆုတောင်းပေးရန်
တောင်းပန်ပါ၏။ ဤအချက်ကို အခြားအရာအားလုံး
ထက် ငါသည် သာ၍အလိုရှိ၏။

၂၀-၂၁ ငြိမ်သက်ခြင်းအရှင် ဘုရားသခင်သည်
သင်တို့ အလိုရှိသည့် ကောင်းသောအရာမှန်သမျှ
ကို ပေးမည်အကြောင်း ငါဆုတောင်းပါသည်။ ထို
သို့သောအားဖြင့် ဘုရားသခင်အလိုရှိသောအရာကို
သင်တို့ လုပ်နိုင်မည်ဖြစ်သည်။ ဘုရားသခင်သည်
သိုးထိန်းကြီးတည်းဟူသော ငါတို့၏သခင်ခရစ်တော်
ကို ထမြောက်စေတော်မူသည်။ ခရစ်တော်၏
အသွေးတော် *(သေခြင်း)*သည် ထာဝရတည်သော
ပဋိညာဉ်တရားသစ်ကို အစပြုခဲ့သည်။ ငါတို့အတွင်း
၌ရှိသောအရာများကို ဘုရားသခင်၏ စိတ်တော်
နှင့်တွေ့စေရန်အလို့ငှာ ပြုပြင်ပေးမည်အကြောင်း
ဆုတောင်းပါသည်။ ထိုအရာများအားလုံး ခရစ်တော်
အားဖြင့် ပြည့်စုံစေမည်အကြောင်း ဆုတောင်းပါ
သည်။ သခင်ယေရှုခရစ်တော်၏ ဘုန်းတော်သည်
အစဉ်အမြဲတည်ပါစေသော။ အာမင်

၂၂ ညီအစ်ကိုမောင်နှမများတို့ ငါတို့ပြောခဲ့
သောအရာများကိုသည်းခံ၍နားထောင်ရန်တောင်း
ပန်ပါ၏။ ထိုစကားအားဖြင့် သင်တို့ ခွန်အားဖြစ်
စေရန်အတွက်ဖြစ်သည်။ ထိုစာသည်လည်း ရှည်
လျားသော စာမဟုတ်ပါ။ ၂၃ ငါတို့၌ ညီအစ်ကို
တိမောသေသည် ချည်နှောင်ခြင်း မခံရကြောင်းကို
သင်တို့အား သိစေလိုသည်။ အကယ်၍ သူမကြာမီ
ရောက်လာလျှင် သူနှင့်အတူ သင်တို့ထံသို့ လာ
ဦးမည်။

၂၄ သင်တို့၏ ခေါင်းဆောင်များနှင့် ဘုရား
သခင်၏လူအားလုံးကို နှုတ်ဆက်ကြပါ။ အီတလီ
ပြည်မှ ဘုရားသခင်၏ လူအားလုံးက သင်တို့အား
နှုတ်ဆက်လိုက်ပါသည်။

၂၅ ဘုရားသခင်၏ ကျေးဇူးတော် *(ကြင်နာမှု)*
သင်တို့အားလုံးနှင့်အတူရှိပါစေသော။

ဟေဗြဲသြဝါဒစာပြီး၏။